# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၈) ရက် ၊ စနေနေ့ ၊ (17-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေးညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများတိုးတက်လာပြီး နိုင်ငံ့စီးပွားတိုးတက်ပြောင်းလဲလာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေးညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်



ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်

အယ်ဒီတာ့အာဘော်

# အဆိပ်သင့်သတင်းမှားများအန္တရာယ် တားဆီးကာကွယ်

ယနေ့ခေတ်ကာလ၌ မြန်နှုန်းမြင့်အင်တာနက်များကြောင့် လူမှုကွန်ရက်၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများသည် လူသားများကို ထိထိရောက်ရောက်အကျိုးပြုလျက်ရှိသည်။ အချိန်နှင့်တစ်ပြေးညီ စီးဆင်းထွက်ပေါ်နေသော သတင်းများကြောင့် သတင်းစားသုံးသူများ ကောင်းမွန်မှန်ကန်စွာအသုံးချနိုင်ပါက လူမှုစီးပွားဘဝတိုးတက်မြင့်မားလာနိုင်သလို အဆိပ်သင့်သတင်းများဟု ခေါ်ထိုက်သော သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများကြောင့်လည်း အတွေးအမြင်မှားယွင်းလမ်းလွဲစေနိုင်သဖြင့် အဆိပ်သင့်သတင်းမှားများအန္တရာယ်ကို သတိပြုဆင်ခြင်နိုင်ရပါမည်။

သတင်းစားသုံးသူ ပြည်သူများအတွက် သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများ၏ အဆိပ်သင့်စေမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်မှုမှာ မှန်ကန်သောသတင်းသိနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးခြင်း၊ အဆိပ်သင့်စေမည့်သတင်းမီဒီယာများ၏ အန္တရာယ်များကို သိနားလည်စေရန် အသိပညာပေးခြင်းဖြစ်ပါသည်။ ယခုအခါ နည်းပညာခေတ်၏ နိုင်ငံ့သားကောင်းလူငယ်မောင်မယ်များ သတင်းစားသုံးရာ၌ မီဒီယာအဆိပ်သင့်မှုအန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍဆွေးနွေးပွဲများ နိုင်ငံတစ်ဝန်း၌ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများဦးစီး၍ နိုင်ငံ့ကောင်းကျိုးရှေးရှုဆောင်ရွက်နေမှုကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

သတင်းတု၊ သတင်းမှားတို့၏ အဆိပ်သင့်မှုသည် လူတစ်ယောက်၏ဘဝနှင့် အသက်အန္တရာယ်ရှိသည်အထိ ဒုက္ခပေးနိုင်သောအရာများဖြစ်သည်။ မီဒီယာအဆိပ်သင့်မှု များပြားလာသည်နှင့်အမျှ လူထုအတွင်း မတည်ငြိမ်မှု၊ မယုံကြည်မှုများနှင့်အတူ ပဋိပက္ခပေါင်းစုံဖြစ်ရပြီး နိုင်ငံတစ်ဝန်းလုံး မတည်မငြိမ်ဖြစ်ကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များပါ မလုံခြုံမှု၊ ဆုံးရှုံးရမှုတို့ဖြစ်ပေါ်လာစေနိုင်သည်အထိ အန္တရာယ်ကြီးပါသည်။

လက်ရှိကာလ၌ ပြည်ဖျက်သတင်းမီဒီယာများသည် တပ်မတော်နှင့်ပြည်သူတို့ကြား သွေးခွဲခြင်း၊ ပြည်သူအချင်းချင်းကြား သွေးကွဲစေရန် မီဒီယာကို လက်နက်သဖွယ် အသုံးချကာ နိုင်ငံကိုပျက်စီးအောင် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြင်တွေ့သောသတင်းများကို စိတ်ခံစားမှုဖြင့် လက်မခံဘဲ ဦးနှောက်ဖြင့် ချင့်ချိန်စဉ်းစားဝေဖန်ပိုင်းခြားသင့်ပါသည်။ သတင်းများအပေါ် ဦးနှောက်ထက် စိတ်ခံစားမှုကို ဦးစားပေးပါက အတွေးအခေါ် အယူအဆမှားယွင်းကာ ဘဝခရီးတွင် လမ်းမှားသို့ ရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့် သတင်းတု၊ သတင်းမှားများကြောင့် ဖြစ်ပေါ်လာမည့် မီဒီယာအဆိပ်သင့်မှုအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ပေးရန် အလွန်အရေးကြီးနေပြီဖြစ်ပါသည်။

သတင်းစားသုံးသူများသည် လူမှုကွန်ရက်နှင့် မီဒီယာတစ်ခုခုမှ ဖော်ပြထုတ်လွှင့်နေသော သတင်းများကို ဖတ်ရှုကြရာတွင်လည်းကောင်း၊ ပြန်လည်ဝေမျှရာတွင်လည်းကောင်း ဖတ်ရှုမိသူတိုင်း အန္တရာယ်ကင်းဝေးစေရန် ဆင်ခြင်စဉ်းစားရန်၊ ခွဲခြားသိရှိရှောင်ရှားနိုင်ရန် အထူးလိုအပ်လှသည်။ အထူးသဖြင့် ပြည်ဖျက်မီဒီယာများ၏ အခြေအမြစ်မရှိသော သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းစသည့် အဆိပ်သင့်သတင်းများကို မပျံ့နှံ့မိစေရန် တာဝန်သိမှုဖြင့် တားဆီးကာကွယ်ကြရပါမည်။ အရာရာကို ဆင်ခြင်ဉာဏ်ရှေ့ထားကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိပ်သင့်သတင်းမှားများအန္တရာယ်ကို တတ်စွမ်းသရွေ့ ထိထိရောက်ရောက် တားဆီးကာကွယ်ကြရမည်ဖြစ်ပါကြောင်း အလေးအနက်ထားရေးသားအပ်ပါသည်။

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် မြစ်ကမ်းကြီးကျေးရွာ၌ ပြည်တွင်း၊ ပြည်ပခရီးသွား လာရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁၆**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် မြစ်ကမ်းကြီးကျေးရွာ၌ ပြည်တွင်း၊ ပြည်ပခရီးသွား လာရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ လတ်တလော ခရီးသွားများ စိတ်ဝင်စားမှုရှိသည့်ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မြစ်ကမ်းကြီးကျေးရွာဖြစ်ကြောင်း၊ မြစ်ကမ်းကြီးကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို ခရီးသွားများက စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

"အခု မြစ်ကမ်းကြီးကျေးရွာကို လည်ပတ်တဲ့ ခရီးသွားတွေက ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကိုလဲ သွားရောက်ကြည့်ရှုမှုတွေ ရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မြစ်ကမ်းကြီးကျေးရွာသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဖေဖော်ဝါရီလပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ကြသော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိ ရှိလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် မုန်ညင်းဖြူများသည် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် မုန်ညင်းဖြူဈေးနှုန်းများမှာ အချိန် ၂၂ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀ ဈေးရရှိကာ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက မြေပြန့်ဒေသနဲ့ တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တောင်သူတွေက ရာသီဥတုပေါ်ကြည့်ပြီး စိုက်တဲ့သူနည်းပါးသွားပါတယ်။ ဈေးကိုတော့ တစ်ရက်ကို ပုံမှန် ခြောက်ဘီးကား ငါးစီး၊ ခြောက်စီးဝင်ပါတယ်။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းသီးနှံတွေဟာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ အခြား ကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ခရမ်းသီး၊ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ခိုင်မာမှုရှိသည့် လုံးချင်းအိမ်၊ ခြံဝင်းနှင့် မြေကွက်များဘက်သို့ ဦးလှည့်လာကြသဖြင့် အလှုပ်အခတ်များနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

မန္တလေးမြေဈေးကွက်တွင် ယခင်က ပေါက်ဈေး ငွေကျပ် သိန်း ၅၀၀ ခန့်သာရှိခဲ့သည့် မြို့သစ်ပိုင်းများရှိ မြေကွက်များမှာ လက်ရှိတွင် ငွေကျပ် သိန်း ၈၀၀ မှ သိန်း ၁၀၀၀ ခန့်ထိ ဈေးခေါ်ရောင်းချခြင်းများ ရှိနေကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်လှုပ်လာပြီး ဈေးတွေကမငြိမ်ဘူးဖြစ်နေတယ်။ ပေါက်ဈေးဆိုတာထက် ရောင်းသူစိတ်ကြိုက် ခေါ်ဈေးဖြစ်နေတယ်။ ရောင်းသူက ဈေးခေါ်၊ ဝယ်သူက ကြိုက်ရင် ချက်ချင်းဝယ်၊ မဝယ်ဘဲ နောက်ရက်မှ ပြန်လာရင် ပထမပြောတဲ့ဈေး မဟုတ်တော့ပြန်ဘူး။ အဲဒီလိုဖြစ်နေတာပါ။ ဈေးကွက်တစ်ခုလုံးဖြစ်နေတာမျိုးတော့ မဟုတ်ပေမဲ့ တော်တော်များများဖြစ်နေတယ်လို့ ပြောရမှာပါ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးသန်းဦးက ပြောပြသည်။

အိမ်ခြံမြေ အရောင်းအဝယ် လုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်လာကြကြောင်း၊ လက်ရှိအနေအထားအရ ရောင်းချလိုသူများနေခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းနေဆဲဖြစ်ကြောင်း၊ ထိုသို့ အရောင်းအဝယ်ဖြစ်မှု နည်းနေသော်လည်း ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ငွေကျပ် သိန်း ၁၀၀၀ အောက် ဈေးတန်း မြေကွက်များကို တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ဝယ်ယူမှုရှိနေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင် ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ မြို့သစ်ပိုင်း(မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးသန်းဦးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် မိုးနံ့ခြံကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနံ့ခြံကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မိုးနံ့ခြံကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၅၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် သိန်း ၃၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက ဦးဝမ်းမောင်-ဒေါ်မြင့်မြင့်၊ ဒေါ်တင်ဝမ်းဝေတို့အား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးရိုးလွင်၊ ဘဏ္ဍာရေးဆပ်ကော်မတီအတွင်းရေးမှူး သုခမ္မမဏ္ဍိဇောတာရေ ဦးအောင်ဆွေ၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိတို့က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၂၃၈ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၂၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၈၇၈ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၂၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၇၂၃၈ ဧကတွင် စားပိုဆောင်းသီးနှံ ၁၆၁၄ ဧက၊ ပိုလ်ကိတ် ၁၀၂ ဧက၊ မြေပဲ ၂၃၅ ဧက၊ ပဲတီစိမ်း ၅၆ ဧက၊ မတ်ပဲ ၂၁၅၅ ဧက၊ ပိုက်ဆန်လျှော် ဧက ၂၅၀၀၊ နေကြာ ၄၃၈ ဧက၊ နှမ်း ၂၆ ဧက၊ ဖူးစားပြောင်း ၁၀၂ ဧကဖြစ်ကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ ဆောင်းသီးနှံစုံ ၆၈၇၈ ဧက စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၇၂၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံစုံ စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေနဲ့ သက်ဆိုင်ရာဌာနတွေက ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ် ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ စောစောပြီးစီးဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်မဖျက်ဆီးစေဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့ တောင်သူတွေစုပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းပြီး ဆည်မြောင်းများ ပြုပြင်ခြင်း၊ တာတမံများ ပြုပြင်တူးဖော်ပေးခြင်း၊ ရေသွယ်ဆည်မြောင်းများကို မြေသားနှိုက်ခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များ ရှာဖွေခြင်း စသည့်လုပ်ငန်းများကို ဆောင်းသီးနှံများ မစိုက်ပျိုးမီကြိုတင်စီမံ ဆောင်ရွက်ပေးထားကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးထံမှ သိရသည်။

**ကျော်ကျော်လင်း၊**

# ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရဲလှကျေးရွာအုပ်စု သံဘိုကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက သံဘိုကျွန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၄ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီလ တတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ပြောပြ၍ သိရသည်။

**မင်း(မြင့်မိုရ်)**

# ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၈၀၃၆၀ စိုက်ပျိုးမည်

**ရေဦး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၈၀၃၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၂၅၀၀၀၊ တန့်ဆည်မြို့နယ်တွင် ဧက ၂၅၀၀၀၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၃၀၃၆၀ စုစုပေါင်း ဧက ၈၀၃၆၀ ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုကို ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ နွေစပါးဧက ၈၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းတိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် ရေဦးခရိုင်မှာ နွေစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၆၂)

**ကြည်လွင်မြင့်(မုံရွာ)**



**အောင်မဲပြာ၊ အောင်မဲညို**

အင်္ဂလိပ်အမည် - Butterfly Pea
မျိုးရင်း - Papilionaceae
(ပိတောက်မျိုးရင်း)
ရုက္ခဗေဒအမည် - Clitoria ternatea Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ရေဖျဉ်းရောဂါ၊ အသည်းကြီးရောဂါ၊ သရက်ရွက်ကြီးသောရောဂါ၊ ခူနာ၊ ကိုယ်လက်ဖောရောင်သောရောဂါ၊ သွေးအန်၊ သွေးလျှံနာ၊ မျက်စိတိမ်ကျရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ အဖုအကျိတ်ပေါက်ရောဂါ၊ ဝေးစေ့ရောင်ရောဂါ၊ ခေါင်းကိုက်ရောဂါ၊ ကြို့ထိုးရောဂါများအတွက် သုံးသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

ပဥ္စင်းပါး။

**အပင်ပုံသဏ္ဌာန်**

အောင်မဲပြာပင်၊ အောင်မဲညိုပင်သည် နွယ်ပင်မျိုးဖြစ်သည်။ ချုံကဲ့သို့နွယ်တက်၍ အခြားအပင်များကိုအမှီပြုပြီး တစ်ပင်လုံးဖုံးလွှမ်းသွားအောင် နွယ်တက်ပေါက်ရောက်လေ့ရှိသည်။ ပင်စည်မွဲခြောက်ခြောက်အရောင်ရှိပြီး မာကြောသည်။ အပွင့်အရောင်ကိုအစွဲပြု၍ အဖြူမျိုးနှင့် အညိုမျိုးဟူ၍ နှစ်မျိုးရှိသည်။

အောင်မဲပြာပင်၊ အောင်မဲညိုပင်၏အရွက်သည် ရွက်လွှဲထွက်သည်။ ရွက်ပေါင်းဖြစ်ပြီး ရွက်မြွှာင်းရွက်မှ ခုနစ်ရွက်ပါရှိသည်။ ထိပ်ရွက်မြွှာက အကြီးဆုံးဖြစ်သည်။ ဘေးရွက်မြွှာများ မျက်နှာချင်းဆိုင်ထွက်၏။

❖ မြန်မာဆေးကျမ်းများအဆိုအရ အောင်မဲပြာပင်သည် စပ်၏။ အေး၏။ ဖန်၏။ ခါး၏။ မျက်စိကိုအကျိုးပြု၏။ ဝမ်းလျှောစေတတ်၏။ အဆိပ်ကို နိုင်၏။ လေ၊ သလိပ်၊ သည်းခြေပျက်စေနိုင်၏။ ဦးနှောက်ရောဂါ၊ နူနာရောဂါ၊ ထိုးအောင့်နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းနှင့် အနာပေါက်နာ၊ မြွေဆိပ်သင့်နာများကို နိုင်၏။ ❖

ရွက်ထိပ်ရွက်ရင်းဝိုင်းပြီး အနည်းငယ်သွယ်သည်။ ရွက်ညှာအလွန်တိုသည်။ ရွက်နားညီ၏။ အောက်မျက်နှာပြင် အနည်းငယ်ကြမ်း၏။ ရွက်ညှာရင်းတွင် သေးငယ်၍ အပ်သဏ္ဌာန်ရွက်စွယ်ပါ၏။

အောင်မဲပြာ၊ အောင်မဲညိုအပွင့်တို့သည် တစ်ပွင့်ချင်းပွင့်သည်။ အပွင့်ကြီးသည်။ အလျားတစ်လက်မခန့်ရှည်သည်။ အဖြူမျိုးတွင် အပွင့်ဖြူ၏။ အညိုမျိုးတွင် ပွင့်ဖတ်သည် အပြာရင့်ရောင်ရှိပြီး အလယ်တွင် အဝါရောင်သန်းသည်။ တန်ခူးလ၊ ကဆုန်လ၊ နယုန်လတို့တွင် ပွင့်သည်။

အောင်မဲပြာပင်၊ အောင်မဲညိုပင်၏ အသီးသည် သီးတောင့်ရှည်ဖြစ်သည်။ ရှည်၍ပြားပြီး အက်ကွဲသီးမျိုးဖြစ်သည်။ အစေ့ငါးစေ့မှ ခြောက်စေ့ထိ ပါရှိသည်။ အစေ့မှာ အညိုရောင်ရှိပြီး မာသည်။ နယုန်လ၊ ဝါဆိုလတွင် အသီးသီးသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ အောင်မဲပြာပင်သည် စပ်၏။ အေး၏။ ဖန်၏။ ခါး၏။ မျက်စိကိုအကျိုးပြု၏။ ဝမ်းလျှောစေတတ်၏။ အဆိပ်ကိုနိုင်၏။ လေ၊ သလိပ်၊ သည်းခြေပျက်စေနိုင်၏။ ဦးနှောက်ရောဂါ၊ နူနာရောဂါ၊ ထိုးအောင့်နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းနှင့် အနာပေါက်နာ၊ မြွေဆိပ်သင့်နာများကို နိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ မြွေဆိပ်တက်လျှင် အောင်မဲပြာအမြစ်မှုန့်နှင့် ကြသရမ္မူလီအမြစ်မှုန့်တို့ ရောစပ်သောက်လျှင် မြွေဆိပ်ပြေ၏။

၂။ ခူနာပေါက်လျှင် အောင်မဲပြာ၊ အောင်မဲညိုအရွက်တို့ကိုကြိတ်ခြေပြီး အုံစည်းပေးလျှင် ခူနာများပေါက်ပြီး အနာပျောက်၏။

၃။ ရေဖျဉ်းရောဂါဖြစ်လျှင် အောင်မဲပြာ၊ အောင်မဲညို ပဥ္စင်းပါးကိုပြုတ်၍ သောက်ပေးပါက အဖောရေဖျဉ်းရောဂါသက်သာစေသည်။

၄။ အသည်းကြီးသောရောဂါဖြစ်လျှင်၊ သရက်ရွက်ကြီးသောရောဂါဖြစ်လျှင် အောင်မဲပြာ၊ အောင်မဲညိုအရွက်တို့ကို အခြောက်လှန်းပြီး လက်ဖက်ခြောက်ကဲ့သို့ ရေနွေးတွင်ခတ်သောက်ပါက ရောဂါများပျောက်ကင်းစေနိုင်သည်။

၅။ ရေဖျဉ်းရောဂါဖြစ်လျှင် အောင်မဲပြာအမြစ်ကို အမှုန့်ပြုပြီး ပျားရည်နှင့်ရောစပ်သောက်ပါက ရေဖျဉ်းရောဂါပျောက်ကင်းစေနိုင်သည်။

၆။ ကိုယ်လက်ရောင်ရမ်းခြင်း၊ အဆစ်အမျက်ရောင်ရမ်းခြင်းဖြစ်လျှင် အောင်မဲပြာအမြစ်ကိုသွေးလိမ်းပါက ပျောက်ကင်းစေနိုင်သည်။

၇။ နာတာရှည် ချောင်းဆိုးရောဂါဖြစ်လျှင် အောင်မဲပြာအဖိုမြစ်ကို ကြိတ်၍ရသောအရည်နှင့်နွားနို့ ရောစပ်တိုက်ကျွေးပါက ပျောက်ကင်းစေနိုင်သည်။

၈။ ခေါင်းတစ်ခြမ်းကိုက်ရောဂါဖြစ်လျှင် အောင်မဲပြာအသီးစိမ်းကို အစေ့ပါကြိတ်၍ ညှစ်ယူရသောအရည်ကို နှာခေါင်းတွင် ထည့်ပေးပါက ပျောက်ကင်းစေနိုင်သည်။

၉။ လည်ပင်း၌ အကျိတ်အဖုပေါက်လျှင် အောင်မဲပြာ၊ အောင်မဲညိုပင်များ၏ အမြစ်ကို သွေးလိမ်းပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၀။ ခရုသင်းဖြစ်လျှင် အောင်မဲညိုအပွင့်ကိုခြေ၍ အရည်ကိုသုတ်လိမ်းပေးပါ။ အမြစ်ကိုလည်းသွေးပြီး လိမ်းနိုင်သည်။

၁၁။ မျက်စိနာလျှင် အောင်မဲပြာ၊ အောင်မဲညိုအပွင့်တို့ကိုကြိတ်ခြေပြီး အရည်ကိုလိမ်းပေးခြင်း၊ မျက်စိကွင်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၁၂။ ဝေးစေ့ရောင်ရောဂါဖြစ်လျှင် အောင်မဲညိုအစေ့ကို အမှုန့်ပြုပြီး ပျားရည်နှင့်ရောသောက်ပေးပါ။

၁၃။ ကြို့ထိုးလျှင် အောင်မဲပြာ၊ အောင်မဲညိုတို့၏ အစေ့ကိုကြိတ်၍ အမှုန့်ပြုပြီးလျက်ပေးပါက ပျောက်ကင်းစေနိုင်သည်။

**ကြသရမ္မူလီ**

အင်္ဂလိပ်အမည် - Indian Birthwort
မျိုးရင်း - Aristolochiaceae
(ကြသရမ္မူလီမျိုးရင်း)
ရုက္ခဗေဒအမည် - Aristolochia indica Linn;

**အဓိကဆေးဖက်ဝင်ပုံ**

မြွေ၊ ကင်းအဆိပ်ပြေဆေး၊ အဆစ်ရောင်ခြင်း၊ ကိုယ်လက်အဆစ်အမျက်များ ကိုက်ခဲခြင်း၊ သွေးဝမ်းသွားခြင်း၊ ဝမ်းကြောတင်းရောင်ခြင်း၊ လျှာလေးခြင်း၊ ဖျားပြီး အပူကြီးငန်းဖမ်းခြင်း၊ မီးယပ်သွေးထိမ်ချုပ်ခြင်း၊ မီးယပ်အကွက်ထွက်ခြင်း၊ အပူဖုအပူကျိတ်များပေါက်ခြင်း၊ လည်ချောင်းတွင် အပူကန်ဖုများပေါက်ခြင်း၊ ချောင်းခြောက်ဆိုးခြင်းရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ ကြသရမ္မူလီပင်သည် ခါး၏။ ဖန်၏။ အဆိပ်အမျိုးမျိုးတို့ကို နိုင်၏။ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါ၊ ကလေးများ အူတွင်း၌ဖြစ်သောရောဂါ၊ အစာမကြေလေရောဂါနှင့် အဆစ်ကိုက်ခဲဖောရောင်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။ ဥတုသွေးကိုလည်းမှန်စေ၏။ သွေးလွန်နာ၊ သွေးဖောက်ပြန်သောဝေဒနာနှင့် မူးဝေသောဝေဒနာတို့ကို ချမ်းသာစေတတ်၏။ ❖

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်၊ အရွက်။

**အပင်ပုံသဏ္ဌာန်**

ကြသရမ္မူလီပင်သည် ပင်ပျော့နွယ်ပင်မျိုးဖြစ်သည်။ အခေါက်ကြမ်းပြီး ညိုမည်းသောအရောင်ပေါ်တွင် စိမ်းပြာရောင်အကွက်များရှိသည်။ အကိုင်းအခက်များ သေးသွယ်သည်။

ကြသရမ္မူလီပင်၏အရွက်သည် ရွက်လွှဲထွက်သည်။ သဘော်သီးကဲ့သို့ပုံသဏ္ဌာန်ရှိသည်။ ရွက်ထိပ်ဝိုင်းသည် ရွက်ရင်းဝိုင်းထက်ကျယ်သည်။ ရွက်ထိပ်ချွန်သည်။ ရွက်လယ်ကြောထင်ရှားသည်။ ရွက်နားချော၍ အနည်းငယ်လှိုင်းတွန့်ရှိသည်။

ကြသရမ္မူလီပင်၏အပွင့်သည် ပုံသဏ္ဌာန်ဆန်းကြယ်သည်။ ပွင့်ညှာတံသည် အကိုင်းပြားရှိအရွက်တို့၏အရင်းနားမှကပ်ပြီးထွက်သည်။ ရေတကောင်းပုံသဏ္ဌာန်အပွင့်ဖြစ်ပြီး နှုတ်ခမ်းတစ်ဖက်ရှည်ကာ ခရမ်းညိုရောင်ရှိသည်။ အရင်းပိုင်းမှာ စိမ်းဖန့်ဖန့်အရောင်ရှိသည်။ တန်ဆောင်မုန်းလ၊ နတ်တော်လတို့တွင် ပွင့်သည်။

ကြသရမ္မူလီပင်၏အသီးသည် အစိမ်းရောင်ဖြစ်ပြီး ကျောက်ဖရုံသီးပုံသဏ္ဌာန်ရှိသည်။ ပတ်လည်အမြောင်းခြောက်မြောင်းပါသည်။ အမြောင်းတွင် အစေ့များစွာပါရှိပြီး အစေ့မှာ သုံးထောင့်ပုံသဏ္ဌာန်ဖြစ်သည်။ တပို့တွဲလ၌ အသီးရင့်၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ကြသရမ္မူလီပင်သည် ခါး၏။ ဖန်၏။ အဆိပ်အမျိုးမျိုးတို့ကို နိုင်၏။ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါ၊ ကလေးများအူတွင်း၌ဖြစ်သောရောဂါ၊ အစာမကြေလေရောဂါနှင့် အဆစ်ကိုက်ခဲဖောရောင်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။ ဥတုသွေးကိုလည်း မှန်စေ၏။ သွေးလွန်နာ၊ သွေးဖောက်ပြန်သောဝေဒနာနှင့်မူးဝေသောဝေဒနာတို့ကို ချမ်းသာစေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ မြွေ၊ ကင်း အကိုက်ခံရလျှင် ကြသရမ္မူလီအမြစ်ကို သွေးလိမ်းပါ။

၂။ ကိုယ်လက်ကိုက်ခဲခြင်း၊ အဆစ်ရောင်ခြင်းဖြစ်ပါက ကိုက်ခဲသောနေရာ၊ ရောင်သောနေရာများတွင် ကြသရမ္မူလီအမြစ်မှုန့်နှင့်ဆားကို ရောစပ်ဖျော်ပြီး လိမ်းပေးပါက သက်သာစေနိုင်သည်။

၃။ သွေးဝမ်းသွားလျှင် ကြသရမ္မူလီအမြစ်မှုန့် နှစ်ဆကို ချင်းခြောက်မှုန့် တစ်ဆနှင့်ရောစပ်ပြီး ဟင်းစားဇွန်းတစ်ဇွန်း တစ်နေ့နှစ်ကြိမ်သောက်သုံးပေးပါ။

၄။ အဖျားကြီးပြီး လျှာလေးအာလေးဖြစ်လျှင် ကြသရမ္မူလီအမြစ်ကိုသွေးပြီး လျှာကိုပွတ်ပေးပါက ပျောက်ကင်းစေနိုင်သည်။

၅။ မီးယပ်သွေးထိမ်ခြင်း၊ ချုပ်ခြင်းဖြစ်လျှင် ကြသရမ္မူလီအမြစ်မှုန့်ကို ငရုတ်ကောင်းမှုန့် အနည်းငယ်နှင့် ဆားလှော်အနည်းငယ်ထည့်၍ ရောစပ်သောက်ပေးပါက ဓမ္မတာမှန်စေနိုင်သည်။

၆။ ရေဖျဉ်းရောဂါဖြစ်လျှင် ကြသရမ္မူလီအရွက်ကိုညှစ်၍ ရသောအရည်ကို ဆားမီးဖုတ်အနည်းငယ်နှင့် ရောစပ်တိုက်ကျွေးပါက ပျောက်ကင်းစေနိုင်သည်။

၇။ အမျိုးသမီးများ သားဖွားလွယ်ဆေးအဖြစ် ကြသရမ္မူလီအမြစ်ကိုသွေးပြီး သောက်ပေးခြင်း၊ ချက်တိုင်တွင် လိမ်းပေးခြင်းများပြုလုပ်ပါက မွေးဖွားရလွယ်စေသည်။

၈။ ကလေးသူငယ်များ ဝမ်းပျက်ဝမ်းလျှောဖြစ်ပြီး အဖျားဝင်လာလျှင် ကြသရမ္မူလီအမြစ်ကိုသွေး၍ လျှာတွင်ပွတ်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။



၉။ တိရစ္ဆာန်အကောင်များကိုက်၍ အဆိပ်တက်ပါက ကြသရမ္မူလီအရွက်သုံးရွက်ကို ငရုတ်ကောင်းစေ့ ၁၀ စေ့နှင့်ရောကြိတ်ပြီး လိမ်းပေး၊ သောက်ပေးခြင်းဖြင့် အဆိပ်ကျစေနိုင်သည်။

၁၀။ အအေးပတ်သဖြင့် တစ်ကိုယ်လုံးအေးစက်ပြီး သတိလစ်နေသူကို ကြသရမ္မူလီအရွက်များကို ငရုတ်ကောင်းစေ့များနှင့်ရောကြိတ်ပြီး ရေနှင့်ဖျော်၍ တစ်ကိုယ်လုံးလိမ်းပေးခြင်း၊ လျှာတွင်ပွတ်ပေးခြင်းပြုလုပ်ပါက သတိကောင်းစွာ ရစေနိုင်သည်။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။



ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၄၂၄ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ သခွား၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတဲ့သီးနှံတွေ စိုက်ပျိုးကြတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAPစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ သဘာဝပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာများကို စနစ်တကျ အသုံးပြုတတ်စေရန် နည်းပညာပေးခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

(၂၀၆)

## လှိုင်းဘွဲ့မြို့နယ် ကော့ပေါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တာပေါင်ကျေးရွာအုပ်စု ကော့ပေါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကော့ပေါကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကော့ပေါကျေးရွာ၌ အရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ဆက်လူ**

## ဆောင်ရွက်ကြမလေ စစ်မှုထမ်းဥပဒေ

\- ပေါက္ကံပြည်မှာ နော်ရထာက
ထောင်ရာဆယ်ခု မြို့တည်ပြုနှင့်
အုပ်စုဖွဲ့လျက် တိုင်းပြည်အတွက်ဟု
လက်နက်ဆင်မြင်း လွန်တောင့်တင်းသည့်
ခင်းကျင်းတပ်မတော် နာမည်ကျော်သည်
ရည်မျှော်ပထမ တည်စခဲ့။

\- တပင်ရွှေထီး မင်းတရားကြီးမှာ
စုစည်းညီမျှ ဒုတိယဟု
အင်းဝအခြေပြု တည်ထောင်စုသည့်
ကေတုမတီ တောင်ငူပြည်ကို
အမည်သတ်မှတ် ကြည်းရေတပ်ဖြင့်
ဂုဏ်ဒြပ်အရောင် ထွန်းလင်းပြောင်သည်
တည်ထောင်အမိမြေ ဝေဆာခဲ့။

\- ဘုန်းမီးနေရောင် ခေတ်ကုန်းဘောင်၌
ဂုဏ်ဆောင်ကျော်ကြား အလောင်းဘုရားက
ခံ့ညားသပ်ရပ် ထန်းလုံးတပ်ဖြင့်
သတ်မှတ်တိကျ တတိယဟု
မြို့ပြနိုင်ငံ ထူထောင်ကြံသည်
နန်းစံဧကရာဇ် သစ်ထွန်းခဲ့။

\- ရှေးခါထင်ရှား ခေါင်းဆောင်များဖြင့်
တည်ထားခဲ့ဟန် တိုင်းနိုင်ငံကို
ဧကန်မသွေ ကျရှုံးစေဖို့
တေလေငမိုက်သား သူပုန်များက
ပြုငြားအကြမ်းဖက် ပြည်ရွာပျက်သည်
အခက်တွေ့ချိန် အိမ်ရာမဲ့။

\- တစ်နိုင်ငံလုံး မပျက်သုဉ်းရန်
စုရုံးထင်ပေါ် တပ်မတော်က
ရည်မျှော်ကြိုးစား ကာကွယ်ထားလို့
အများပြည်သူ ပေါင်းစုတူ၍
အကူအညီ ပေးကြသည်ဝယ်
လှမ်းချီကာထား အင်အားနဲ့(နှင့်)။

\- ဟော့ . . .
ယနေ့ချိန်ခါ တိုင်းပြည်ရွာဝယ်
သူငါကြိုးပမ်း စစ်မှုထမ်းဖို့
ပြဋ္ဌာန်းတည်စေ ဥပဒေဖြင့်
မသွေထွန်းသစ် ပြည်သူ့စစ်ဟု
ဖွေလှစ်ကာမျှ ဆောင်ရွက်ကြမည်
အောင်ရမည်ကား ပြည်သူ့စစ်သား။
ရှုံးကျစေငြား အကြမ်းဖက်သမား။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

(ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံသောအားဖြင့်)

# နိုင်ငံတကာ သတင်းများ

## မိသားစုတစ်စုလျှင် အနည်းဆုံးကလေးနှစ်ဦးယူရန် ရုရှားသမ္မတပူတင် တိုက်တွန်း

**မော်စကို ဖေဖော်ဝါရီ ၁၆**

လူမျိုးရေးအရ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရုရှားမိသားစုများအနေဖြင့် မိသားစုတစ်စုလျှင် အနည်းဆုံး ကလေးနှစ်ဦးရယူရန် ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၁၅ ရက်၌ ပြောကြားခဲ့သည်။

ယူရယ်လ်တောင်တန်းဒေသရှိ တင့်ကားစက်ရုံတစ်ရုံ၌ အလုပ်သမားများနှင့်တွေ့ဆုံစဉ် ရုရှားမိသားစုများ ကလေးများများယူရေးအတွက် တိုက်တွန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားပြည်သူများအနေဖြင့် မိမိတို့၏ လူမျိုးရေးစရိုက်လက္ခဏာများကို ထိန်းထားမည်ဆိုလျှင် မိသားစုတစ်စုလျှင် အနည်းဆုံးကလေးနှစ်ဦး ရယူသင့်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားမိသားစုများအနေဖြင့် မိသားစုတစ်စုလျှင် ကလေးတစ်ဦးသာယူမည်ဆိုလျှင် ရုရှားနိုင်ငံ၏ လူဦးရေကျုံ့ဝင်သွားမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သမ္မတပူတင်သည် မိသားစု၊ နိုင်ငံတော်နှင့် အော်သိုဒေါ့ခရစ်ယာန်သာသနာတို့ကိုအခြေခံသည့် အစဉ်အလာ ရုရှားစံနှုန်းများကို ထောက်ခံကြောင်း ကိုယ့်ကိုယ်ကိုယ် ကြေညာထားသူဖြစ်သည်။

ရုရှားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက် နှစ်ပေါင်း ၂၀ ကြာမျှ လူဦးရေ ဖြည်းဖြည်းမှန်မှန်ကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အာရှ၏ အကြီးမားဆုံးလေကြောင်းပြပွဲ စင်ကာပူနိုင်ငံ၌ ကျင်းပမည်

**စင်ကာပူ ဖေဖော်ဝါရီ ၁၆**

အာရှ၏ အကြီးမားဆုံး လေကြောင်းပြပွဲကို စင်ကာပူနိုင်ငံက လာမည့်ရက်သတ္တပတ်အတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါနိုင်ငံတကာလေကြောင်းပြပွဲသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးစည်းမျဉ်းများ ရုပ်သိမ်းပေးပြီးနောက်ပိုင်း စင်ကာပူနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံတကာလေကြောင်းပြပွဲဖြစ်သည်။

စင်ကာပူနိုင်ငံတကာလေကြောင်းပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ နိုင်ငံတကာလေကြောင်းပြပွဲတွင် တရုတ်အရပ်ဘက်လေယာဉ်ကော်ပိုရေးရှင်း(စီအိုအမ်အေစီ)၏ C919 အမျိုးအစားခရီးသည်တင်လေယာဉ်သစ်လည်း ပထမဆုံးအကြိမ်ပါဝင်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ပထမဆုံး ပြည်တွင်းထုတ် ခရီးသည်တင်လေယာဉ်ဖြစ်သည့် C919 ခရီးသည်တင် လေယာဉ်အတွက် စင်ကာပူနိုင်ငံတကာလေကြောင်းပြပွဲမှာ ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

စင်ကာပူနိုင်ငံတကာလေကြောင်းပြပွဲတွင် အမေရိကန်အခြေစိုက် ဘိုးအင်းလေယာဉ်ကုမ္ပဏီနှင့်ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီတို့လည်း ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**




## အီဂျစ်နိုင်ငံက ဂါဇာနယ်စပ်အနီး၌ ပါလက်စတိုင်း ဒုက္ခသည်များ နေရာချထားရေးအတွက် ပြင်ဆင်မှုများပြုလုပ်



**ကိုင်ရို ဖေဖော်ဝါရီ ၁၆**

ရာဖာနယ်စပ်ကို အစ္စရေးစစ်ဘက်က ထိုးစစ်ဆင်တိုက်ခိုက်လာပါက နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာနိုင်သည့် ပါလက်စတိုင်းဒုက္ခသည်များကို နေရာချထားရေးအတွက်အီဂျစ်နိုင်ငံက ဂါဇာနယ်စပ်အနီး နယ်မြေတစ်ခုကို ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာနိုင်သည့် ပါလက်စတိုင်းလူမျိုးများကို နေရာချထားပေးရေးအတွက် နေရာပြင်ဆင်နေမှုကို အီဂျစ်အစိုးရက အရေးပေါ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရာဖာဒေသကို အစ္စရေးစစ်ဘက်က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပါက ပါလက်စတိုင်းလူမျိုးများ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသသို့ ဝင်ရောက်လာမည့်အရေး စိုးရိမ်ရကြောင်း အီဂျစ်အစိုးရက ပြောကြားထားသည်။

ရာဖာဒေသကို စစ်ရေးအရ တိုက်ခိုက်ပါက ဂါဇာကမ်းမြောင်မှ ပါလက်စတိုင်းနိုင်ငံသားများ ဆိုင်းနိုင်းကျွန်းဆွယ် ဒေသတွင်းသို့ ရောက်ရှိသွားနိုင်ကြောင်း ဂျော်ဒန်ကဲ့သို့သော အာရပ်နိုင်ငံများကလည်း သတိပေးထားသည်။

အီဂျစ်အစိုးရ သတင်းအရင်းအမြစ်များ၏အဆိုအရ အီဂျစ်အစိုးရသည် ဆိုင်းနိုင်းကျွန်းဆွယ်ကန္တာရနယ်မြေတစ်ခု၌ ဒုက္ခသည်များအတွက် အခြေခံစခန်းများ တည်ဆောက်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု၏ နောက်ဆုံးခိုလှုံရာဖြစ်သည့် ရာဖာမြို့ကို ထိုးစစ်ဆင် တိုက်ခိုက်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရကကြေညာထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## မက္ကဆီကို၌ အဝေးပြေးလမ်းများ တရားဥပဒေကင်းမဲ့မှုကို ကုန်တင်ယာဉ်မောင်းများက လမ်းများပိတ်၍ဆန္ဒပြ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၆**

ကုန်းတွင်းလမ်းများ၌ တရားဥပဒေကင်းမဲ့နေမှုကို ဆန္ဒပြသည့်အနေဖြင့် မက္ကဆီကို ကုန်တင်ကားမောင်းသမားများက ဖေဖော်ဝါရီ ၁၅ ရက်တွင် နိုင်ငံအတွင်းရှိ အဓိက သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ပိတ်ဆို့ထားကြောင်း သိရသည်။

ဆန္ဒပြသည့် ကုန်တင်ကားယာဉ်မောင်းများကြောင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် အနည်းဆုံး အဝေးပြေးလမ်းမကြီး ခြောက်ခု၌ ယာဉ်အသွားအလာများ ပိတ်ခဲ့ကြောင်း မက္ကဆီကိုတာဝန်ရှိသူများ ပြောကြားခဲ့သည်။

ကုန်းတွင်းလမ်းများလုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့၏တောင်းဆိုချက်ကို အစိုးရက ဖြည့်ဆည်းပေးနိုင်မှုမရှိခဲ့ပါက လမ်းပိတ်ဆန္ဒပြပွဲများ ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း ဆန္ဒပြသူများက သတိပေးထားသည်။



ကုန်းတွင်းအဝေးပြေးလမ်းများ၌ သွားလာနေကြရသည့် မက္ကဆီကို ကုန်တင် ယာဉ်မောင်းများသည် ဓားပြတိုက်မှုများ၊ ဆက်ကြေးတောင်းခံမှုများနှင့် ရင်ဆိုင်နေရသည်။

အစိုးရအနေဖြင့် ပြည်တွင်း အဝေးပြေးလမ်းများ၏ လုံခြုံရေးကို မြှင့်တင်ပေးရန် ကုန်တင်ကား ယာဉ်မောင်းများက တောင်းဆိုထားသည်။

တရားဥပဒေစိုးမိုးမှုကင်းမဲ့နေခြင်းကြောင့် မက္ကဆီကိုအဝေးပြေးလမ်းများပေါ်၌ တစ်လလျှင် ယာဉ်မောင်းသူ တစ်ဦးမှ နှစ်ဦးထိ အသတ်ခံနေရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အိန္ဒိယနိုင်ငံ၌ အိမ်သုတ်ဆေးစက်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိ

**ဒေလီ ဖေဖော်ဝါရီ ၁၆**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အိမ်သုတ်ဆေးထုတ်လုပ်ရေးစက်ရုံတစ်ရုံ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ ဦးသေဆုံး၍ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ အိမ်သုတ်ဆေးထုတ်လုပ်ရေးစက်ရုံ မီးလောင်မှုသည် ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းတွင် စတင်ဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ် ၂၂ စီးက ၅ နာရီကျော်ကြာအောင် အချိန်ယူ ငြိမ်းသတ်ခဲ့ရသည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် စက်ရုံမြေညီထပ်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ရာ အပေါ်ထပ်တွင် ရှိနေသူများ ထွက်လမ်းမရှိဖြစ်ခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားသည်။

နယူးဒေလီမြို့ မြောက်ပိုင်း အလီပူရ်ရပ်ကွက်၌ တည်ရှိသည့် အဆိုပါစက်ရုံတွင် ဓာတုဗေဒပစ္စည်း ကုန်လှောင်ရုံတစ်ခုလည်း တည်ရှိပြီး လက်ရှိအချိန်တွင် ၎င်းစက်ရုံ မီးလောင်ကျွမ်းမှုနောက်ခံအကြောင်းတရားကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။


အိန္ဒိယနိုင်ငံတွင် အဆောက်အအုံတည်ဆောက်မှုလုပ်ထုံး လုပ်နည်းများဖောက်ဖျက်မှု၊ ဘေးအန္တရာယ်လုံခြုံရေး စည်းမျဉ်းများလျော့ရဲမှုတို့ကြောင့် မီးလောင်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်စ်လဆင်းယာဉ် လွှတ်တင်ပြီးနောက် လကမ္ဘာသို့စတင်ဦးတည်ပျံသန်းနေ




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်စ် လဆင်းယာဉ်သည် လွှတ်တင်ပြီးနောက် စီစဉ်ထားသည့်အတိုင်း လကမ္ဘာသို့ စတင်ဦးတည် ပျံသန်းနေပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

Intuitive Machines ကုမ္ပဏီသည် အိုဒက်ဆပ်စ် လဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်နာရီအကြာတွင် အိုဒက်ဆပ်စ် လဆင်းယာဉ်သည် စီစဉ်ထားသည့်အတိုင်း လကမ္ဘာသို့ ပျံသန်းနေပြီဖြစ်ကြောင်း Intuitive Machines ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

ဆင်းသက်မှုအောင်မြင်ခဲ့ပါက အိုဒက်ဆပ်စ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်သည့် ပထမဆုံး ပုဂ္ဂလိက လဆင်းယာဉ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ စူးစမ်းလေ့လာရေးစနစ် ခြောက်ခု အပါအဝင် စူးစမ်းလေ့လာရေးစနစ် ၁၂ ခု သယ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**


## တရုတ်အမျိုးသား အာကာသအေဂျင်စီက ချန်အာ-၈ လဆင်းယာဉ်နှင့်အတူ ကမ္ဘာ့ဂေဟစနစ်ပုံစံတူတစ်ခုကို လပေါ်သို့ပို့ဆောင်၍ စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထား

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချန်အာ-၈ လဆင်းယာဉ်နှင့်အတူ ကမ္ဘာ့ဂေဟစနစ် ပုံစံတူတစ်ခုကို လပေါ်သို့ ပို့ဆောင်၍ စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

လမျက်နှာပြင်ပေါ်ရှိ သဘာဝ သယံဇာတ အရင်းအမြစ်များကို စမ်းသပ်ရာတွင် ချန်အာ-၈ လဆင်းယာဉ်ဖြင့် ပို့ဆောင်ပေးမည့် ဂေဟစနစ်ပုံစံတူဖြင့် စမ်းသပ်ရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် ချန်အာ-၈ လဆင်းယာဉ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။




တရုတ်နိုင်ငံသည် ချန်အာ-၈ လဆင်းယာဉ်ကို လပေါ်၌လကမ္ဘာ အခြေစိုက် သုတေသနစခန်းတည်ဆောက်ရေးစီမံကိန်း၏ ရှေ့ပြေးအဖြစ် လွှတ်တင်ရန်စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် ချန်အာ-၈ လဆင်းယာဉ်သည် နိုင်ငံတကာ လကမ္ဘာ သုတေသနစခန်း ရေရှည်အခြေစိုက်နိုင်ရေးအတွက် လိုအပ်သည့်နယ်ပယ်များကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာ လကမ္ဘာသုတေသနစခန်းကို ၂၀၃၀ ပြည့်နှစ်များအတွင်း စတင်တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလပေါ်တွင်တည်ရှိသည့် မြေအောက်သမုဒ္ဒရာအတွင်း သက်ရှိရုပ်များရှင်သန်နိုင်ဖွယ်မရှိ

**အော့တဝါ ဖေဖော်ဝါရီ ၁၆**

စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော တိုက်တန်ဂြိုဟ်ရံလပေါ်တွင် တည်ရှိသည့် မြေအောက်သမုဒ္ဒရာအတွင်း သက်ရှိရုပ်များ ရှင်သန်နိုင်ဖွယ်မရှိကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

တိုက်တန်ဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာအတွင်း သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့် ဇီဝဓာတုပစ္စည်းများ မရှိကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားသည်။

တိုက်တန်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်ပြီး နေအဖွဲ့အစည်း၏ ဒုတိယအကြီးဆုံး ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

တိုက်တန်ဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာရေပြင်၏ ရေထုထည်သည် ကမ္ဘာ့သမုဒ္ဒရာ ရေပြင်အားလုံး၏ ထုထည်ထက် ၁၂ ဆ ပိုများသော်လည်း အဆိုပါမြေအောက်သမုဒ္ဒရာ၌ သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့် အခြေခံဇီဝဓာတုပစ္စည်းများ မရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထုအားဖြင့် ၆၂ မိုင်ထိရှိနိုင်သော တိုက်တန်ဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာအတွင်း သက်ရှိများဖြစ်ထွန်းနိုင်မည့် အခြေအနေများ ရှိနေနိုင်သည်ဟု ယခင်က ယုံကြည်ခဲ့ကြကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် တိုက်တန်ဂြိုဟ်ရံလကို ဒရာဂွန်ဖလိုင်းအမည်ရှိ အာကာသယာဉ်တစ်စင်းစေလွှတ်၍ လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူများ၌ ကိုဗစ်ရောဂါကူးစက်ခံရနိုင်ခြေ ပုံမှန်ထက်ပိုနည်းပါး

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သူများ၌ ကိုဗစ်ရောဂါကူးစက်ခံရနိုင်ခြေ ပုံမှန်ထက်ပိုနည်းပါးကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

အထိုင်များသူ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူများနှင့် နှိုင်းယှဉ်ပါက လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူများတွင် ကိုဗစ်ရောဂါကူးစက်နိုင်ခြေ ၁၀ ရာခိုင်နှုန်း ပိုနည်းကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သူများသည် ကိုဗစ်ရောဂါကူးစက်ခံရပါကလည်း ဆေးရုံတက်ရောက်ရန် လိုအပ်နိုင်ခြေ ပုံမှန်ထက် ပိုနည်းပါးကြောင်းလည်း သုတေသန ပညာရှင်များ၏အဆို အရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူများသည် ကိုဗစ်ရောဂါကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေ ၂၇ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၆၁၅၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လေ့ကျင့်ခန်းပြုလုပ်မှုကြောင့် ကိုဗစ်ရောဂါကို တားဆီးနိုင်စွမ်းသည် အမျိုးသမီးများတွင် ပို၍မြင့်မားသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လေ့ကျင့်ခန်းပုံမှန်ပြုလုပ်မှုက စိတ်ကျရောဂါလက္ခဏာများကို လျှော့ချနိုင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၆**

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှုသည် စိတ်ကျရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၁၄၁၇၀ ပါဝင်သော လေ့လာချက်ပေါင်း ၂၁၈ ခုတို့၏ ရလဒ်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်မှုသည် စိတ်ကျဝေဒနာလက္ခဏာများ လျှော့ချနိုင်မှုကို မိမိတို့ အတည်ပြုနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် လေ့ကျင့်ခန်းပြုလုပ်မှုကို ပို၍အားစိုက်ပေးလေလေ စိတ်ကျဝေဒနာလက္ခဏာများကို ပိုမိုလျှော့ချနိုင်လေလေ ဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် စိတ်ကျဝေဒနာ လက္ခဏာများကို လျှော့ချနိုင်စွမ်းမှာ စိတ်ကျန်းမာရေးဆေးဝါးများ တွဲဖက်သုံးစွဲသူများ၌ ပို၍ အားကောင်းလာနိုင်ကြောင်း သိရသည်။

စိတ်ကျရောဂါလက္ခဏာများကို လျှော့ချနိုင်သော လေ့ကျင့်ခန်းများထဲတွင် လမ်းလျှောက်ခြင်း၊ ကခုန်ခြင်း၊ ယောဂကျင့်ခြင်းတို့လည်း ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

ML

**လူတန် Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၁ - ၀ လူတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |
| မန်ယူ | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

လူတန်အသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိခဲ့ပေမဲ့ တိုက်စစ်ထက်မြက်တဲ့အသင်းတွေနဲ့ဆို ခံစစ်ကပေးဂိုးများနေတာဖြစ်ပါတယ်။ မန်ယူကတော့ အသင်းလိုက်ကစားအားကောင်းနေပြီး အဝေးကွင်းလေးပွဲဆက်မှာလဲ တိုက်စစ်ပိုင်းက ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်ထက်မြက်နေတဲ့ မန်ယူကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လူတန် ၁ - ၂ မန်ယူ**

## အီတလီစီးရီးအေ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

ML

**အမ်ပိုလီ Vs ဖီအိုရင်တီးနား**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖီအိုရင်တီးနား ၀ - ၂ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |
| ဖီအိုရင်တီးနာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |

အမ်ပိုလီအသင်းဟာ နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲမရှိသေးဘဲ ရလဒ်ပိုင်းကောင်းမွန်နေပေမဲ့ တိုက်စစ်မှူးကာပူတို ဒဏ်ရာရနေတာကြောင့် တိုက်စစ်ပိုင်းအားနည်းချက်ရှိနေပါတယ်။ ဖီအိုရင်တီးနားကတော့ ခံစစ်ပိုင်းအမှားများခဲ့လို့ နောက်ဆုံးအဝေးကွင်းသုံးပွဲဆက်နိုင်ပွဲပျောက်ခဲ့တာကြောင့် အခုပွဲစဉ်မှာနိုင်ပွဲရှာပြီး ဥရောပဝင်ခွင့်ရဖို့ကြိုးပမ်းမှာပါ။ ဒါကြောင့် ဖီအိုရင်တီးနားကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အမ်ပိုလီ ၁ - ၂ ဖီအိုရင်တီးနား**

**ဖရိုစီဝမ်း Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၂ - ၀ ဖရိုစီဝမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ရိုးမား | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |

ဖရိုစီဝမ်းအသင်းအနေနဲ့ အသင်းလိုက်ကစားပုံကျဆင်းနေတာကြောင့် ရလဒ်တည်ငြိမ်မှုမရှိဘဲ သုံးပွဲဆက်နိုင်ပွဲပျောက်ခဲ့ပြီး ပေးဂိုးကိုးဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ရိုးမားကတော့ နည်းပြပြောင်းလဲပြီးနောက်ပိုင်း တိုက်စစ်ကစားပုံကောင်းလာခဲ့ပြီး နည်းပြသစ်လက်ထက်မှာ ပွဲတိုင်းဂိုးရခဲ့သလို အသင်းငယ်တွေကို နိုင်ပွဲရယူခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းသာလွန်နေတဲ့ ရိုးမားနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖရိုစီဝမ်း ၁ - ၃ ရိုးမား**

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းနှင့်ကစားမည့် အမှတ်ပေးပွဲစဉ်တွင် ဘန်လေအသင်းနည်းပြ ကွန်ပနီအနေဖြင့် အဝါကတ်သုံးကြိမ်ပြည့်ခဲ့သည့်အတွက် ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သောကြောင့် ကြီးကြပ်ခွင့်ရမည်မဟုတ်ကြောင်း သိရသည်။
- တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်က ဂျော်ဒန်အသင်းကို ရှုံးနိမ့်၍ အာရှဖလားပြိုင်ပွဲမှထွက်ခွာခဲ့ရသည့်အတွက် နည်းပြကလင်းစမန်းကိုရာထူးမှထုတ်ပယ်ရန် စီစဉ်နေသော်လည်း လက်ရွေးစင်အသင်းကော်မတီက ထုတ်ပယ်ရန်ဆုံးဖြတ်ချက် မချမှတ်နိုင်ကြောင်း သိရသည်။ ML

# တောင်ပံကစားသမား ဆာကာအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀၀ ဝန်းကျင်ထိ အာဆင်နယ်အသင်းအလိုရှိ




**လန်ဒန် ဖေဖော်ဝါရီ ၁၆**

အာဆင်နယ် အသင်းသည် ၂၀၁၃ ခုနှစ်က တောင်ပံကစားသမားဆာကာကို စာချုပ်သက်တမ်းတိုးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် အာဆင်နယ်အသင်းက ကစားသမားအတွက် စတာလင်ပေါင် သန်း ၁၅၀ နှင့် သန်း ၂၀၀ ဝန်းကျင်ကြား အလိုရှိနေကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တောင်ပံကစားသမားဆာကာသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က အာဆင်နယ်အသင်းကြီးတွင် ပထမဆုံးပွဲထွက်ခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၁၀ ထိပါဝင်ကစားခဲ့ရာ အသင်းအတွက် သွင်းဂိုး ၅၁ ဂိုးထိသွင်းယူ ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် အာဆင်နယ်အသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တိုက်စစ်မှူးဟာလန်းပြီးလျှင် ဆာကာအနေဖြင့် ဒုတိယမြောက် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် ယုံကြည်လျက်ရှိသည်။

တောင်ပံကစားသမား ဆာကာသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၁ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ၄၈ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိပြုလုပ်ခဲ့ပြီး အသင်းအား အမှတ်ပေးချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် အဓိကနေရာမှ ပါဝင်ခြေစွမ်းပြနိုင်ခဲ့သဖြင့် မန်စီးတီးအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် အာဆင်နယ်အသင်း တာဝန်ရှိသူများက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀၀ ဝန်းကျင်ထိ အလိုရှိကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ် အသင်းသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ခြေစွမ်းပြကစားသမား ချိန်ဘာလိန်းကို လီဗာပူးအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့်ရောင်းခဲ့သော်လည်း ဆာကာအနေဖြင့် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် အသင်းကို တတိယနေရာသို့ ရောက်ရှိအောင် ၎င်း၏သွင်းဂိုးများဖြင့် ပါဝင်ကူညီပေးနိုင်ခဲ့ကာ အဆင့်(၁)မှလီဗာပူးအသင်းနှင့်ရမှတ် နှစ်မှတ်သာကွာဟခဲ့သောကြောင့် အကျိုးအမြတ်များမှသာ ဆာကာကိုရောင်းချသွားဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ဇန်နဝါရီလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်းမှ ဂျိုတာရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်းတိုက်စစ်မှူးဂျိုတာ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ဂျိုတာသည် ဒဏ်ရာမှ ပြန်လည်သက်သာခဲ့ပြီးနောက် ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ လီဗာပူးအသင်းအမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်ခဲ့ရာတွင်လည်း အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီးနောက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည့် ကစားသမားများကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုတာသည် ဇန်နဝါရီလအတွင်း လီဗာပူးအသင်းအတွက် ကစားပေးခဲ့သည့် ပွဲစဉ်များတွင် အာဆင်နယ်အသင်းနှင့် ပွဲစဉ်နှင့် နယူးကာဆယ်အသင်းတို့နှင့်ကစားခဲ့သည့် အရေးကြီးပွဲစဉ်နှစ်ပွဲတွင်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုးသွင်းယူ၍ တစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သဖြင့် ဇန်နဝါရီလအတွက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုတာသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းနှင့်အတူ ၁၈ ပွဲပါဝင်ကစားခဲ့ကာ ကိုးဂိုးထိသွင်းယူထားပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : STA




# ကွာရာဘောင်းဖလားဗိုလ်လုပွဲစဉ်အား တာဝန်ယူကိုင်တွယ်မည့် ဒိုင်လူကြီးစာရင်း အင်္ဂလန်လိဂ်အဖွဲ့ချုပ်ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝင်ဘာလေကွင်းတွင် ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ကစားရမည့် ကွာရာဘောင်းဖလားဗိုလ်လုပွဲစဉ်ကို တာဝန်ယူကိုင်တွယ်မည့် ဒိုင်လူကြီးအမည်စာရင်းကို အင်္ဂလန်လိဂ်အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ကွင်းလယ်ဒိုင်အဖြစ် ကာဗာနာ့ချ်၊ အကူဒိုင်များအဖြစ် မက်စခိုးလ်နှင့် ဂျိမ်းမိန်းဝါးရင်း၊ စတုတ္ထဒိုင်အဖြစ် ရော်ဘင်ဆန်၊ VAR ဒိုင်အဖြစ် ဂျွန်ဘရွတ်တို့က တာဝန်ယူသွားမည်ဖြစ်ပြီး ယင်းဒိုင်လူကြီးများသည် ပရီးမီးယားလိဂ်တွင် တာဝန်ယူနေရသည့် ဒိုင်လူကြီးများဖြစ်သည်။

အသက် ၃၈ နှစ်ရှိ ကွင်းလယ်ဒိုင် ကာဗာနာ့ချ်သည် ၂၀၁၇ ခုနှစ်က ပရီးမီးယားလိဂ်ပြိုင်ပွဲများကို စတင်တာဝန်ယူခွင့် ရခဲ့ပြီးနောက် ဝင်ဘာလေကွင်းတွင် ကစားခဲ့ရသည့် ဗိုလ်လုပွဲစဉ်အဖြစ် ဘရန့်ဖို့ဒ်အသင်းနှင့် ဆွမ်ဆီးအသင်းတို့ ကစားခဲ့သည့် ချန်ပီယံရှစ် play-off ပွဲစဉ်ကို တာဝန်ယူခဲ့ရပြီး အဆိုပါပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက ဆွမ်ဆီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ကွင်းလယ်ဒိုင် ကာဗာနာ့ချ်သည် လီဗာပူးအသင်းနည်းပြကလော့နှင့် ဆက်ဆံရေးတင်းမာမှုရှိသူဖြစ်ပြီး ၂၀၂၀ ခုနှစ်က အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်နှင့် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကာဗာနာ့ချ်တာဝန်ယူခဲ့ရပြီး အဆိုပါပွဲစဉ်များတွင် လီဗာပူးအသင်းအနေဖြင့် ပင်နယ်တီရရှိမည့်အခွင့်အရေးများကို လက်လွှတ်ခဲ့ရသည့်အတွက် နည်းပြကလော့နှင့် ကာဗာနာ့ချ်တို့အကြား အချေအတင်ဖြစ်ခဲ့ရသည်။

လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီကလည်း ကွာရာဘောင်းဖလား ဗိုလ်လုပွဲစဉ်တွင် တွေ့ဆုံခဲ့ရာ လီဗာပူးအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သဖြင့် ယခုပွဲစဉ်တွင်လည်း နည်းပြကလော့အနေဖြင့် ဆုဖလားရရှိရန်ပစ်မှတ်ထားနေပြီး လာမည့်နွေရာသီအသင်းမှမထွက်ခွာမီ ဆုဖလားရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

Ref : RT

Trs : ML

# ဖေဖော်ဝါရီလအတွက် အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် ၁၆၂ နှင့် အာဆီယံအဆင့်(၇)နေရာ၌ ရပ်တည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**



ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ဖေဖော်ဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ကမ္ဘာ့အဆင့် ၁၆၂ နှင့် အာဆီယံအဆင့်(၇) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် အာရှထိပ်တန်းအသင်းကြီးများဖြစ်သည့် ဂျပန်အသင်းနှင့် မြောက်ကိုရီးယား အသင်းတို့နှင့် ကစားခဲ့ပြီးနောက် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည့်အတွက် အဆင့်သတ်မှတ်ချက်မပြောင်းလဲခဲ့ဘဲ ရမှတ် ၁၀၀၀ ဖြင့် ကမ္ဘာ့အဆင့် ၁၆၂ နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ဖေဖော်ဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များမှ အာဆီယံဇုန်တွင် ထိပ်ဆုံးနေရာအပြောင်းအလဲရှိခဲ့ပြီး ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၂ ဆင့်ထိမြင့်တက်ခဲ့ကာ ကမ္ဘာ့အဆင့် ၁၀၁ ဖြင့် အာဆီယံအဆင့်(၁) နေရာတွင် ဦးဆောင်နိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် ၁၁ ဆင့်ထိကျဆင်းခဲ့ကာ ကမ္ဘာ့အဆင့် ၁၀၅ ဖြင့် အာဆီယံအဆင့်(၂) နေရာသို့ရောက်ရှိခဲ့ရသည်။

ဖေဖော်ဝါရီလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များအရ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့နောက်တွင် မလေးရှားအသင်းက အဆင့်နှစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် ၁၃၂ ဖြင့် အာဆီယံအဆင့်(၃)၊ဖိလစ်ပိုင်အသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့် ၁၃၉ ဖြင့် အာဆီယံအဆင့်(၄)၊ အင်ဒိုနီးရှားအသင်းက လေးဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့် ၁၄၂ဖြင့် အာဆီယံအဆင့်(၅)၊ ကျန်အသင်းများက အပြောင်းအလဲမရှိခဲ့ဘဲ စင်ကာပူအသင်းက ကမ္ဘာ့အဆင့် ၁၅၆ ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့် ၁၆၂ ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့် ၁၇၉ ဖြင့် အာဆီယံအဆင့်(၈)၊လာအိုအသင်းက ကမ္ဘာ့အဆင့် ၁၈၉ ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၉၄ ဖြင့် အာဆီယံအဆင့်(၁၀) နှင့် တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့် ၂၀၀ ဖြင့် အာဆီယံအဆင့်(၁၁)နေရာတွင် အသီးသီး ရပ်တည်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် လာမည့်မတ်လတွင် ဆီးရီးယားအသင်း၊ ဂျပန်အသင်းတို့နှင့်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ပက်ထရစ်ကန်တလေ ဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပစိဖိတ်ပါလီဆာဒက်စ်မြို့တွင် ကျင်းပနေသည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

ဩစတြေးလျဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကင်မရွန်းဒါဗစ်၊ ဂျက်ဆင်ဒေးနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားလုခ်လစ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပက်ထရစ်ကန်တလေက"ပရိသတ်တွေ အများကြီးလာရောက်အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲဝင်တွေအတွက်လဲ ပရိသတ်အားကြောင့် စိတ်ဓာတ်တက်ကြွစေပါတယ်။ ပထမနေ့တော့ ကျွန်တော်က ဂျော်ဒန်စပိုက်နဲ့အတူတစ်ဖွဲ့တည်းသွားကျပြီး ယှဉ်ပြိုင်ရတယ်။ ဂျော်ဒန်စပိုက်နဲ့ ကျွန်တော် နှစ်ယောက်စလုံး ပထမကိုးကျင်းမှာ တော်တော်လေးကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ ရိုက်ချက်တစ်ချက်ချင်းစီတိုင်းကိုလဲ သေချာအာရုံစိုက်ပြီး ရိုက်ခဲ့သလို ရိုက်ချက်တိုင်းက လိုချင်တဲ့ပုံစံအတိုင်းဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အတွက်ကတော့ ပထမနေ့မှာအဖွင့်လှခဲ့ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Qatar Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပလစ်ချ်ကိုဗာ တက်ရောက်



**ဒိုဟာ ဖေဖော်ဝါရီ ၁၆**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ်အိုဆာကာနှင့် ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပလစ်ချ်ကိုဗာက (၇-၆ ၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ဖူးကြသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံးတွင်လည်း tie-break အဆင့်ထိ ကစားခဲ့ရသည်။

အိုဆာကာသည်လည်း အနိုင်ရနိုင်သည့် အခွင့်အရေးကောင်းများပိုင်ဆိုင်ခဲ့သော်လည်း အခွင့်အရေးကောင်းများကို ကောင်းစွာအသုံးမချနိုင်၍ ရှုံးနိမ့်ခဲ့ရသည်။

အိုဆာကာသည် ပလစ်ချ်ကိုဗာကိုရှုံးနိမ့်သွားခဲ့သော်လည်း ကာလရှည်အနားယူခဲ့ရပြီး ကစားသမားဘဝကို ပြန်လည်တည်ဆောက်နေဆဲကာလတွင် လက်ရှိအနေအထားထိကစားနိုင်သည်ကို အားရကျေနပ်မှုရှိကြောင်း အိုဆာကာက ပြောကြားခဲ့သည်။

ပလစ်ချ်ကိုဗာသည် အိုဆာကာကို အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသော ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စဝီယာတက်ခ်က ကွာတားဖိုင်နယ်အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၄ ၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

**STA**

**ဘက်တစ် Vs အလာဗက်**

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အလာဗက် ၁ - ၀ ဘက်တစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |
| အလာဗက် | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(သရေ) |

ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတဲ့ ဘက်တစ်အသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက်အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိ အလာဗက်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းအာသာချက်ရှိတဲ့ ဘက်တစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၂ - ၀ အလာဗက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်

**STA**

**ဘိုချမ် Vs ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၇ - ၀ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| ဘိုင်ယန်မြူးနစ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |

အဝေးကွင်းနှစ်ပွဲဆက်ရှုံးပွဲကြုံထားပြီး ဖိအားတွေနဲ့ရင်ဆိုင်နေရတဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိ ဘိုချမ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ပုံမှန်အနေအထားအောက်ရောက်နေလို့ ဘိုင်ယန်မြူးနစ်အသင်းကိုရင်ဆိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုချမ် ၀ - ၃ ဘိုင်ယန်မြူးနစ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

**STA**

**မိုနာကို Vs တူးလော့**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူးလော့ ၁ - ၂ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | - | အိမ်(သရေ) | ဝေး(သရေ) | ဝေး(နိုင်) |
| တူးလော့ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်နေတဲ့ မိုနာကိုအသင်းဟာ အိမ်ကွင်းမှာရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ တူးလော့အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိတာကြောင့် အခုပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအားသာချက်ရှိတဲ့ မိုနာကိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၀ တူးလော့**

**ဘရက် Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၄ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၂ - ၀ ဘရက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရက် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| မာဆေး | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘရက်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရပါတယ်။ မာဆေးအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတယ်ဆိုပေမဲ့ ဘရက်အသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိပါတယ်။ ဒါကြောင့် မာဆေးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရက် ၁ - ၂ မာဆေး**

# အိုးစားဖက်ရှာ မြန်မာပေမို့

ဘုန်းရဲနိုင်(ဂန့်ဂေါ်)

ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။
သူများမောင်မှာ
စစ်သံကြားလျှင် နာဖျားဥပါယ်ခိုကြတယ်။
နှမလေး မယ်တို့မောင်မှာ
စစ်သံကြားလျှင် ရွှေမားပိုက်ကာ
အိုးစားဖက်ကို လိုက်လို့ရှာသည်
ရိက္ခာကနည်း မိုးကသည်းနှင့်
သင်းတွဲကို ကူးပါလိမ့်မလားတော်။
စစ်မှာတမူ
နှမလေးမယ့်ထက်ဖြူကို ယူမလားတော်။
စစ်မှာ ယွန်းမ
နှမလေးမယ့်ထက်လှကို ရမလားတော်။
စစ်မှာဆွေမျိုး
ဘိုးဘွားမောင့်မှာ ရှိသလားတော်။
စစ်မှာတမူ
နှမလေး မယ့်ထက်ဖြူကို မယူဘူးဗျာ။
စစ်မှာ ယွန်းမ
နှမလေးမယ့်ထက်လှကို မရဘူးဗျာ။
စစ်မှာဆွေမျိုး
ဘိုးဘွားမောင့်မှာ မရှိဘူးဗျာ။
ရေမြေ့အရှင် ရှင်ဘုရင်က
အမိန့်တော်စာနှင့် အပါချသည်
လိုက်ရတော့မယ်။
မြင်းမှာအုန်းခွံ ကျွန်မှာကုလား
ဓားမှာမိုးကြိုး ယွန်းပုဆိုးနှင့်
အိုးစားဖက်စုံ စစ်သည်ပုံမှာ
ကျွန်ယုံစားမို့ မောင်ကလေးငယ်
မောင်သာလိုက်တဲ့ တောင်ပတ်လည်နှင့်
ဇင်းမယ်ဆိုသည် ညိုတဲ့မြို့မှာ
ပျိုလွမ်းဖွယ်လေး။ ။

အထက်ပါ ကဗျာလေးမှာ "စစ်မှာတမူ"အမည်ရှိ "အိုင်ချင်း"အမျိုးအစား ကဗျာဖြစ်ပြီး တောင်တွင်းရှင်ငြိမ်းမယ်က ရေးသားခဲ့ခြင်းဖြစ်သည်။ စာရေးသူနှစ်သက်စွဲလမ်းခဲ့ရသော မြန်မာဂန္ထဝင် ကဗျာလေးတစ်ပုဒ်လည်းဖြစ်သည်။ ထိုကဗျာလေးကို ရွတ်ဆိုမိချိန်တိုင်း ထူးခြားလေးနက်သော စိတ်ခံစားချက်တို့ကို နက်ရှိုင်းစွာ ထိတွေ့ခံစားခဲ့ရသည်။ အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန် လိုအပ်ချက်ရှိ၍ စစ်မှုထမ်းဆောင်ရန်နှိုးဆော်အကြောင်းကြားချက်ရရှိထားသဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေသော လူ့အသိုက်အဝန်းတစ်ခုကို ဦးစွာထိတွေ့မြင်ယောင်မိခဲ့သည်။

စစ်မှုထမ်းဆောင်ရန်အတွက် ရရာလက်နက်စွဲကိုင်ကာ သေဖော်ရှင်ဖက်၊ တိုက်ဖော်တိုက်ဖက်၊ ရဲဘော်ရဲဘက် တစ်နည်းအားဖြင့် ရိက္ခာအတူချက်ပြုတ်စားသောက်မည့် အိုးစားဖက်ကို လိုက်လံရှာဖွေနေသူ လူငယ်တစ်ယောက်နှင့် အလားတူစွာ အိုးစားဖက်ကို လိုက်လံရှာဖွေနေကြသည့် စစ်မှုထမ်းဆောင်ရန်အသင့်ဖြစ်နေကြသော လူငယ်လူရွယ်များစွာကိုလည်း တွေ့မြင်ရသည်။ ထိုမြင်ကွင်းနှင့်တွဲယှဉ်လျက်ပင် စစ်တိုက်ထွက်ရန်အတွက် အများတကာတို့ထက် စိတ်အားထက်သန်လွန်းသော ချစ်သူမောင်အပေါ် ဘဝင်မကျစိတ်၊ စိုးရိမ်စိတ်တို့ဖြင့် မျက်နှာထားသုန်မှုန်နေရှာသည့်မိန်းမပျိုလေး၏ အသွင်သဏ္ဍာန်ကိုလည်း စာရေးသူတွေးမြင်မိခဲ့ရသည်။

ထို့နောက်တွင်မှ စစ်ထွက်တော့မည့် ချစ်သူမောင်အပေါ် ခံစားရသည်များကို မိန်းမပျိုလေးက အခြားအရွယ်တူ မိန်းမပျိုလေးများထံ ပေါက်ကွဲပြောဆိုရင်ဖွင့်နေသည်ကို ထိတွေ့ခံစားမိရသည်။ ၎င်းတို့မှာ "ချစ်တဲ့သူငယ်ချင်းတို့၊ ယောက်မတို့ရေ ကြည့်စမ်းပါဦး သူများတကာ ချစ်သူတွေမှာတော့ စစ်မှုထမ်းရမယ်ဆိုတဲ့အသံကြားရင် ဖျားသလိုလို၊ နာသလိုလိုနဲ့ အကြောင်းပြရှောင်ချင်ကြတယ်။ ပျိုလေးရဲ့ ချစ်သူမောင်ကတော့ စစ်မှုထမ်းရမယ့်သတင်း ကြားလိုက်ကတည်းက ရွှေမားပိုက်ပြီး အိုးစားဖက်၊ ရဲဘော်ရဲဘက်ကို လိုက်ရှာနေတော့တာပဲ။ မိုးကလည်း သဲသဲမဲမဲရွာနေချိန်ဆိုတော့ ရိက္ခာကိုလည်း နည်းနည်းပဲသယ်နိုင်ကြလိမ့်မယ်။ ဒါတောင် မြစ်ရေ၊ ချောင်းရေတွေကို ကူးနိုင်ဖြတ်နိုင်ကြပါ့မလားမသိဘူး" ဟူ၍ ကြားယောင်နားလည်မိပါသည်။

ချစ်သူတို့သဘာဝ ဘဝင်မကျဖြစ်နေသူ မိန်းမပျိုလေးက ချစ်သူမောင်ကိုလည်း အလွတ်မပေးဘဲ "မောင်မောင်က ပျော်နေမှာပေါ့ စစ်ချီတဲ့လမ်းခရီးတစ်လျှောက်မှာ ပျိုလေးထက် အသားပိုဖြူ ပိုချောတဲ့ မိန်းမပျိုလေးတွေတွေ့ရင် ယူဖို့ရည်ရွယ်ထားတယ် မဟုတ်လား။ ဒါမှမဟုတ် စစ်ချီရာအရပ်ဖြစ်တဲ့ ယွန်းပြည်မှာ နှမလေးထက်ပိုလှတဲ့ ယွန်းအမျိုးသမီးကို ရမယ်လို့ ထင်နေတာလား။ ဒီလောက်အထိ စစ်တိုက်ထွက်ချင်ရအောင် စစ်ပွဲထဲမှာ မောင့်ရဲ့ဆွေမျိုးဘိုးဘွားတွေ ရှိနေလို့လားတော်"ဟူ၍ ငြူစူစွာ ပြောဆိုစိတ်ကောက်နေသည်ကို မြင်ယောင်မိပြန်သည်။

❖ စစ်မှုထမ်းဆောင်ရန်အတွက် ရရာလက်နက်စွဲကိုင်ကာ သေဖော်ရှင်ဖက်၊ တိုက်ဖော်တိုက်ဖက်၊ ရဲဘော်ရဲဘက် တစ်နည်းအားဖြင့် ရိက္ခာအတူချက်ပြုတ်စားသောက်မည့်အိုးစားဖက်ကို လိုက်လံရှာဖွေနေသူ လူငယ်တစ်ယောက်နှင့် အလားတူစွာ အိုးစားဖက်ကို လိုက်လံရှာဖွေနေကြသည့် စစ်မှုထမ်းဆောင်ရန်အသင့်ဖြစ်နေကြသော လူငယ်လူရွယ်များစွာကိုလည်း တွေ့မြင်ရသည်။ ထိုမြင်ကွင်းနှင့်တွဲယှဉ်လျက်ပင် စစ်တိုက်ထွက်ရန်အတွက် အများတကာတို့ထက် စိတ်အားထက်သန်လွန်းသော ချစ်သူမောင်အပေါ် ဘဝင်မကျစိတ်၊ စိုးရိမ်စိတ်တို့ဖြင့် မျက်နှာထားသုန်မှုန်နေရှာသည့်မိန်းမပျိုလေး၏ အသွင်သဏ္ဍာန်ကိုလည်း စာရေးသူတွေးမြင်မိခဲ့ရသည်။ ❖

ထိုအချိန်တွင် ပျိုလေး၏ချစ်သူ စစ်ထွက်လူရွယ်က "စစ်တိုက်ထွက်ရင်း နှမလေး မယ့်ထက် အသားပိုဖြူတဲ့သူကိုတွေ့ရင်လည်း ဟောဒီမောင်က ဘယ်တော့မှမယူပါဘူး။ စစ်တိုက်ထွက်ရင်း ယွန်းမလေးတွေတွေ့မယ်ဆိုရင်တောင် မောင်ချစ်ရတဲ့ ဟောဒီက နှမလေးလောက် လှတဲ့မိန်းကလေးမျိုးကို တွေ့ရမှာ မဟုတ်ပါဘူး။ မောင့်အတွက်တော့ မောင့်ချစ်သူနှမလေးသာ အားလုံးထက်အလှဆုံးပါ။ စစ်မှာ မောင့်ရဲ့ ဆွေမျိုးဘိုးဘွားလည်း မရှိရပါဘူး။ ရေမြေ့အရှင် ရှင်ဘုရင်က အမိန့်တော်စာနှင့် မလိုက်မနေရ အပါ ခေါ်လို့လိုက်ရမှာပါ နှမလေးရယ်။ မြင်းမှာ အုန်းခွံရောင်အမွေးရှိတဲ့ မြင်း၊ ကျွန်မှာကုလားကျွန်၊ ဓားမှာမိုးကြိုးသွားနဲ့ ပြုလုပ်ထားတဲ့ဓား၊ ပုဆိုးမှာ ယွန်းပုဆိုးဟာ အကောင်းဆုံးဖြစ်တယ်။ အဲဒီလိုပဲ ချစ်သူမောင်ဟာ စစ်သည်တော်တွေထဲမှာ ဘုရင်မင်းမြတ်ယုံကြည်ရတဲ့ ကျွန်ရင်းစစ်သည် သူရဲကောင်းတစ်ယောက်ဖြစ်ပါတယ်။ မောင်တို့စစ်ထွက်ရာဒေသဟာ တောင်ပတ်ပတ်လည်ဝိုင်းနေတာကြောင့် အုံ့ဆိုင်းညို့မှိုင်းနေတဲ့ ဇင်းမယ်မြို့ကလေးဖြစ်ပါတယ်။ မိန်းမပျိုလေးက မောင်ကြီးရှိရာနေရာကို မှန်းဆပြီး လွမ်းနေရပါတယ်"ဟူ၍ နားလည်ခံစားမိရသည်။

အထက်ပါခံစားချက်များအပြင် ခေတ်ကာလနောက်ခံကို အတွေးချဲ့မိရာတွင် မိမိနိုင်ငံ၊ မိမိတို့လူ့အဖွဲ့အစည်းအပေါ် ချစ်စိတ်၊ မြတ်နိုးစိတ်၊ လေးစားတန်ဖိုးထားစိတ်တို့လည်း သိမ်မွေ့နက်နဲစွာ နိုးထရှင်သန်လာခဲ့ရပါသည်။ ထို့ပြင် မိမိတို့လူ့အဖွဲ့အစည်းသည်လည်း နိုင်ငံ့ကာကွယ်ရေးအတွက် စစ်မှုရေးရာကိစ္စများနှင့် ရင်းနှီးကျွမ်းဝင်နေကြသည်ကို စိတ်ဝင်စားဖွယ်ရာ ထိတွေ့ခံစားမိရသည်။

မိမိတို့လူ့အဖွဲ့အစည်းတွင် စစ်မှုထမ်းဆောင်ရန် အခြေအနေတစ်ရပ်ရပ် ဖြစ်တည်လာချိန်၌ နိုင်ငံ့ကာကွယ်ရေးအတွက် စိတ်အားထက်သန်စွာစွန့်လွှတ်စွန့်စား စစ်မှုထမ်းဆောင်ကြသည့် အမျိုးကောင်းသားအာဇာနည်များစွာရှိသည့် နိုင်ငံဖြစ်ကြောင်းကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရသည်။ ရှေးခေတ် မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ဖွဲ့စည်းတည်ဆောက်ရာ၌ နိုင်ငံတော်အတွင်းရှိ လူငယ်လူရွယ်များကို စစ်မှုထမ်းဆောင်ရန် အမိန့်တော်ဆင့် လူသူစုဆောင်းသည့် ပြည်သူ့ဝဟိုပြုတပ်မတော်စနစ်ကို ကျင့်သုံးဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရသည်။ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသော လူငယ်လူရွယ်တို့အနေဖြင့် တိုက်ဖော်တိုက်ဖက်၊ အိုးစားဖက် တစ်နည်းအားဖြင့် ရဲဘော်ရဲဘက်များကို သူ့ထက်ငါဦးအောင် အပြေးအလွှားရှာဖွေလျက် စစ်ထွက်ရန်ပြင်ဆင်နေကြသည့် ပုံရိပ်မှာ "စစ်မှာတမူ" အိုင်ချင်းကဗျာ၏ မြတ်နိုးဖွယ်ရာ အကောင်းဆုံးသော အနှစ်သာရပင်ဖြစ်သည်။

ယနေ့အချိန် မိမိတို့နိုင်ငံတော်သည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အလုံးစုံပျက်သုဉ်းရေးဦးတည်သည့် အကြမ်းဖက်မှုများကို ရင်ဆိုင်တွေ့ကြုံနေရသည့်အချိန်ဖြစ်သည်။ အဖျက်သမားအားလုံးက ဒီမိုကရေစီအရေးအတွက်ဟု အယောင်ပြအရေခြုံဖုံးကွယ်ထားကြသော်လည်း ၎င်းတို့အားလုံး၏အဓိကရည်မှန်းချက်မှာ ပြည်ပကြိုးကိုင်သူများလမ်းကြောင်းပြထားသည့်အတိုင်း နိုင်ငံတော်ကိုအစိတ်စိတ်အမွှာမွှာ ဖြိုခွဲဖျက်ဆီး၍ နယ်မြေအပိုင်စီးမင်းမူနိုင်ရေးသာဖြစ်သည်။

နိုင်ငံတော် ကာကွယ်ရေးတာဝန်ဟူသည် တပ်မတော်တွင်သာ တာဝန်ရှိခြင်းမဟုတ်ဘဲ နိုင်ငံသားအားလုံးနှင့်လည်း သက်ဆိုင်ပေသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ယနေ့လက်ရှိအချိန်၌ အမိနိုင်ငံတော်၏ ဒီတာဝန်အရေးသုံးပါးတာဝန်ကို ကျေပွန်အောင်မြင်စွာထမ်းဆောင်နိုင်ရေး လိုအပ်ချက်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍ "ပြည်သူ့စစ်မှုထမ်းဥပဒေ"အာဏာတည်သည့်နေ့ရက် သတ်မှတ်ခဲ့သည်။

၎င်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတော်၏ အကြမ်းဖက်မှုများကို သက်ဆိုးရှည်စေလိုသည့် ပြည်ပနိုင်ငံကြီးတချို့နှင့် ၎င်းတို့၏ကိုယ်ပွားသတင်းဌာနများ၊ အမျိုးသစ္စာဖောက် လက်ကိုင်တုတ်သတင်းဌာနများ၊ ပြည်တွင်းသောင်းကျန်းသူ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကိုထောက်ခံသူများက ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်အပေါ် ပြည်သူအများ စိုးရိမ်စိတ်ဖြစ်ပေါ်စေရန်အပြင် ပြည်သူအချင်းချင်းစိတ်ဝမ်းကွဲပြားစေရန်နှင့် တပ်မတော်အပေါ် မုန်းတီးစိတ်များဝင်လာစေရန်တို့အတွက် လုပ်ကြံသတင်းတု၊ သတင်းမှားအမျိုးမျိုးဖြင့် မှိုင်းတိုက်ဝါဒဖြန့်မှု အမျိုးမျိုးလုပ်ဆောင်လျက်ရှိသည်ကိုတွေ့ရသဖြင့် ပြည်သူများစိုးရိမ်ပူပန်ခြင်းမရှိကြရန် လိုပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်၌ တွေ့ဆုံအမှာစကားပြောကြားရာတွင် "ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ ထုတ်ပြန်ခဲ့ကြောင်း၊ နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်ပြီး ယင်းဥပဒေနှင့်ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့်အင်အားကိုသာ တာဝန်ထမ်းဆောင်ရန်ဖြစ်ကာ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရန်တပ်ဖွဲ့ဥပဒေနှင့်ပတ်သက်၍လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟုမဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားခဲ့သည်။

ထို့ပြင် ပြည်သူ့စစ်မှုထမ်းဥပဒေဟူသည်မှာ ကမ္ဘာ့ထိပ်သီးအင်အားကြီးနိုင်ငံများနှင့် အခြားသောနိုင်ငံအသီးသီးတို့၌လည်း ကျင့်သုံးနေကြကြောင်းကို သိရှိထားသင့်ကြပေသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ တရုတ်၊ ရုရှား၊ အစ္စရေး၊ တောင်ကိုရီးယားနှင့် အခြားသောနိုင်ငံများစွာတို့၌ လက်တွေ့ကျင့်သုံး၍ ၎င်းတို့၏ကာကွယ်ရေးအင်အားကို တောင့်တင်းခိုင်မာစေရန် တည်ဆောက်ထားကြကြောင်း တွေ့ရသည်။ ရုရှားနိုင်ငံတွင် အမျိုးသားတိုင်းဥပဒေနှင့်အညီ စစ်မှုထမ်းကြရသည့်အပြင် အသက် ၅၀ အရွယ်တိုင်အောင် အရန်အင်အားအဖြစ် စာရင်းသွင်းထားခြင်းခံရသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိကြသည်။ မိမိတို့နိုင်ငံ၌ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ စစ်မှုထမ်းရန်အကျုံးဝင်သူ အနည်းဆုံး ၁၃ သန်းရှိသော်လည်း နှစ်စဉ် ငါးသောင်းထက်မပိုသော ဦးရေကိုသာ ခေါ်ယူမည်ဖြစ်သည်ကို သိရှိရသည့်အတွက်လည်း ပြည်သူတို့အနေဖြင့် စိုးရိမ်ပူပန်ရန် လိုအပ်မည်မဟုတ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ နှလုံးသားထဲ၊ အသွေးအသားထဲ၌ ကိန်းအောင်းရှင်သန်နေသည့် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များဖြင့် ပေါင်းစပ်တည်ဆောက်သွားမည့် မြန်မာ့တပ်မတော်ကြီး၏ အသွင်သစ်၊ အသွေးသစ်၊ အင်အားသစ်တို့ကိုတွေ့မြင်ခွင့်ရတော့မည်ဖြစ်၍ ဝမ်းမြောက်ပီတိ ဖြစ်မိရပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

# လမိုင်းမြို့တွင် မွန်တိုင်းရင်းသားရိုးရာပွဲတော်ဖြစ်သည့် တပို့တွဲလပြည့်ည ဆီမီးလှည့်လည်ပူဇော်ပွဲ ကျင်းပသွားမည်



ယခင်နှစ်က လမိုင်းမြို့ ဆီမီးလှည့်လည်ပူဇော်ပွဲကို တွေ့ရစဉ်။

**မော်လမြိုင် ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် လမိုင်းမြို့တွင် မွန်တိုင်းရင်းသား ရိုးရာပွဲတော်ဖြစ်သည့် တပို့တွဲ လပြည့်ည ဆီမီးလှည့်လည်ပူဇော်ပွဲ ကို တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၂၄ ရက်)တွင် မွန်တိုင်းရင်းသားတို့၏ရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း လမိုင်းမြို့ ဆီမီး လှည့်လည်ပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်က ပြောပြ၍ သိရသည်။

"ဒီပွဲတော်ကတော့ နှစ်စဉ် နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပတဲ့ ပွဲတော်ဖြစ်ပါတယ်။ လမိုင်းမြို့ အမှတ် (၂)ရပ်ကွက် ကျိုက်ကေလာသ စေတီတော် ရှေ့ကွင်းကနေ လူငယ်လူရွယ်တွေ၊ ကျောင်းသား၊ ကျောင်းသူတွေ မွန်ရိုးရာဝတ်စုံတွေနဲ့ ဆီမီးတိုင် တွေထွန်းညှိကာ မြို့တွင်းလမ်း တွေမှာ လှည့်လည်ပြီးတော့ စေတီ တော်ကြီးကို တစ်ပတ်ပူဇော်ကြ မှာဖြစ်ပါတယ်"ဟု နိုင်ဖေတင်က ပြောပြသည်။

တပို့တွဲလပြည့်ည ဆီမီး လှည့်လည်ပူဇော်ပွဲတွင် လမိုင်းမြို့ အတွင်းမှ လူငယ်မောင်မယ်များ၊ အခြေခံပညာအလယ်တန်း၊ အထက် တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက မွန်ရိုးရာဝတ်စုံ များဝတ်ဆင်ကာ ဆီမီးတိုင်များ ထွန်းညှိကိုင်ဆောင်ပြီး စည်ကား သိုက်မြိုက်စွာ ဆင်နွှဲကြမည်ဖြစ် ကြောင်း သိရသည်။

ASH

# Thunderbolt ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် မေလတွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

မာဗယ်ရုပ်ရှင်စတူဒီယိုသည် Thunderbolt ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် မေလတွင် ရုံတင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

မာဗယ်ရုပ်ရှင်စတူဒီယိုသည် Thunderbolt ဇာတ်ကားကို ယခုနှစ် မကြာမီကာလအတွင်း စတင်ရိုက်ကူးသွားမည်ဖြစ်သည်။

မာဗယ်ရုပ်ရှင် စတူဒီယို၏ ကြေညာချက်အရ Thunderbolt ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၂ ရက်တွင် စတင်ရုံတင်မည်ဖြစ်ကြောင်း သိရသည်။

Thunderbolt ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ရှရိုင်ယာက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

Thunderbolt ဇာတ်ကားတွင် မင်းသမီး ဖလောရင့်ပက်၊ ဂျူလီယာလူးဝစ်ဒရေးဖက်၊ မင်းသား စတီဗင်ယွန်နှင့် ဟာရီဆင်ဖို့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့တွင် ကျင်းပသွားမည်ဖြစ်



**ဟားခါး ဖေဖော်ဝါရီ ၁၆**

(၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် ချင်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက ပြောပြ၍ သိရသည်။

အဆိုပါ ချင်းအမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည့်အတိုင်း ယခုနှစ်တွင်လည်း ချင်းပြည်နယ် ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ ရုံးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်းမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုဝင် ချင်းတိုင်းရင်းသားများလည်း စုံလင်စွာတက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျအတိုင်း အစဉ်အလာမပျက် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ကျင်းပသွားမှာပါ။ တောင်ပေါ်၊ မြေပြန့်ချင်းတိုင်းရင်းသား ကိုယ်စားလှယ်တွေ၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုဝင်တွေလဲ တက်ရောက်ကြမှာဖြစ်ပါတယ်"ဟု ချင်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက ပြောပြသည်။

ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် မျိုးနွယ်စုအားလုံးပါဝင်သည့် ချင်းလူမျိုးတို့၏နေ့ထူးနေ့မြတ်ဖြစ်ကြောင်း သိရသည်။ ASH

# Fantastic Four ဇာတ်ကားသစ်၌ မင်းသမီး ဗင်နက်ဆာကာဘီ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

မာဗယ်ရုပ်ရှင်စတူဒီယို၏ Fantastic Four ဇာတ်ကားသစ်တွင် Mission: Impossible မင်းသမီး ဗင်နက်ဆာကာဘီ ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဗင်နက်ဆာကာဘီသည် Fantastic Four ဇာတ်ကား၌ Sue Storm ဇာတ်ကောင်အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Fantastic Four ဇာတ်ကားတွင် မင်းသမီး ဗင်နက်ဆာကာဘီသည် မင်းသား ပက်ဒရိုပါစကယ်၊ အီဘွန်မော့ဘက်ရက်၊ ဂျိုးဆက်ကွင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မက်ရှက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသမီး ဗင်နက်ဆာကာဘီသည် Mission: Impossible Fall Out နှင့် Dead Reckoning Part One ဇာတ်ကားများတွင် အယ်လာနာမစ်ဆိုပိုလစ် ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

Fantastic Four ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၂၅ ရက်တွင် ရုံတင်ပြသရန် မာဗယ်ရုပ်ရှင်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# မိုင်းဆတ်မြို့နယ် နားကောကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နားကောကျေးရွာနှင့် မယ်ဆတ်ကျေးရွာတို့အတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက နားကောကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က နားကောကျေးရွာနှင့် မယ်ဆတ်ကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နားကောကျေးရွာနှင့် မယ်ဆတ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing takes part in coordination meeting on development of cotton, edible oil, coffee, meat and dairy product sectors

# Development of farming and production businesses will increase per capita income and national economic growth





Senior General Min Aung Hlaing watches the video on a thriving oil crop plantation.

**Nay Pyi Taw February 16**

A coordination meeting on development of cotton, edible oil, coffee, meat and dairy product sectors was held at the meeting hall of Office of State Administration Council Chairman here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC member Lt-Gen Nyo Saw, Union Minister at SAC Chairman's Office 2 U Aung Naing Oo, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Cooperatives and Rural Development U Hla Moe, Union Minister for Industry Dr Charlie Than, Union Minister for Commerce U Tun Ohn, Chair of Myanma Economic Holdings Public Company Limited Lt-Gen Hsan Oo, deputy ministers and directors general.

Participants of the meeting observed video clips on animal feed cultivation, milk cow breeding, rice cultivation, sunflower harvesting, edible oil production, modern machinery used in cattle farming and animal feeding in global countries.

**Increase in edible oil yield and reduction of cooking oil imports**

The Senior General said **the meeting will hold practical discussion about the farming industry, the core of the development of the country's production industry and economy.** The main issues will be edible oil crops and industrial crops, which are cotton, sugarcane, coffee and related crops. Since the assumption of duties, the government has been pointing out the importance of local oil sufficiency as the country is importing it annually. The government also provided financial capital to the business from the national economic promotion trust fund. But the import volume of edible oil remained the same till now. It is improper for the country with enough land for cultivation, input and human resources to sufficiently fulfill the local edible oil demand. Of the oil crops, groundnut, sesame and sunflower, per-acre yield of groundnut is high. But sunflower's oil production rate is higher than groundnut and sesame. The country can successfully grow all the three crops. Bee-keeping should be conducted near the sunflower fields for successful pollination. Normally, edible oil crops take four months. So, double-cropping can be conducted. In this regard, the meeting must find means for the success of the oil crop cultivation.

Agriculture needs quality seeds, proper land preparation, water supply, and correct methods. The current sown acreage of oil crops seems sufficient. Efforts should be made to hit the target and availability of seasonal inputs for increasing the yield of mixed crops. Hence, agriculture experts should find correct means and adopt the effective methods of other countries. Use of quality seeds, systematically prepared and fertilized land and water supply will ensure high per-acre yield. Ayeyawady and Chindwin rivers serve as the core of the country's agricultural sector, while tributaries in the east and west are playing the role of aid-providers. As there are many other natural watercourses, the country has an abundant array of water resources. But some places face water shortages during the summer. But solar-power river water pumping stations will solve the problem. Correct methods are also the decisive force of the success of agriculture. **All must be aware of the fact that failures to realize the set per-acre yield target are showing negative signs for the country.** Hence, increase in per-acre yield is the main priority of the agriculture sector.



Senior General Min Aung Hlaing addresses the coordination meeting.

It can be seen that the farmlands for paddy can be used in successful cultivation of other crops. So, If suitable crops as double cropping are grown on the paddy lands due to weather and soil, per-acre yield of crops will increase.

**Needs to produce high per-acre yield of industrial raw crops such as cotton, sugarcane and coffee**

With regard to industrial raw crops, cultivation of cotton needs to meet the target per-acre yield. If one acre of cotton yields 1,000 viss, wool will be 350 viss, 52.5 viss of cotton seed oil, 17.5 viss of cotton seed waste, 40 viss of short wool, 540 viss of expeller cotton seeds, 1,008 pounds of thread and it will produce 3,916 yards of textile.

*See Page 13*

*From Page 12*

If cotton can be cultivated on 500,000 acres of croplands, it can help produce 58 million yards of cotton textile. Based on 50 million population of Myanmar, individual can use some 40 yards of textile per year. If 700 viss of cotton yields, each person from 50 million population can use some 30 yards of textile per year. Hence, **if it needs to set 500,000 acres of cotton plantation to meet the target production, local people will have sufficiency of thread, contributing a great deal to earning foreign currency.** Hence, ministries need to emphasize cultivation of cotton.

**As thread produced at home can be used in garment industries, it will be useful for CMP and MSME businesses, contributing to creation of job opportunities.** If the country can produce value-added threads for textile industries, export volume will increase. The Ministry of Industry and Tatmadaw will be assigned to produce value-added textile.

Growing of sugarcane can yield 26 tons per acre. Based on current per-acre yield of cotton, Myanmar will have 112 per cent of sufficiency in 2023-24 financial year. If it is based on 30 tons of sugarcane per acre, local sufficiency will rise. It is necessary to increase per-acre yield of sugarcane without expansion of sown acreage. The government is coordinating with foreign counterparts in growing sugarcane in advanced techniques, increase of sugarcane per-acre yield and rise of sugar production. **If sugarcane cultivation develops, it will ensure local sugar sufficiency and increase export volume.**

Regarding coffee crop, although the previous Tatmadaw government encouraged coffee cultivation in Myanmar, it met lesser success due to weakness in following the instructions. It is based on many issues that allowed lands for coffee cultivation were used in other ways, and coffee was not planted in designated instructions. Hence, current government restricts systematic cultivation of coffee under rules. Coffee products are essential for the world. As Myanmar possesses croplands for growing coffee, successful coffee cultivation projects will increase coffee export volume. Hence, **from now on, if farmers initiate coffee cultivation projects, Myanmar will be a top coffee exporter across the world in the future.** As such, it is necessary to place an emphasis on coffee cultivation and production.

**Encouragement for breeding buffalo and cow to produce dairy products**

Myanmar annually imports milk and dairy products abroad. In fact, **Myanmar is blessed with sound foundations for operating cow breeding at home and sufficient feedstuffs.** Primarily, it needs to produce sufficient volume of condensed milk and evaporated milk at home. Not only cow milk but buffalo milk can be produced as dairy products. Livestock breeding tasks must be done in cooperative societies. Breeding of cows and buffaloes must be done successfully and factories must be built for production of dairy products so as to ensure sufficiency of dairy products for reducing spending of foreign exchange.

**Personal income to increase due to development of agriculture, livestock breeding, manufacturing industries, leading to development of country**

If the country can produce edible oil, milk and dairy products and cotton items, which have to be imported every year, domestically and sufficiently and can export the surplus, the country can not only reduce foreign exchange spending but also earn foreign currencies for the country. With development of the manufacturing sector, incomes of individuals in the sector will increase and contribute to the development of socioeconomic lives, leading to the dramatic changes for development of the country. Therefore, the development of agriculture, livestock breeding, manufacturing industries has been called for repeatedly. At the seminar today, participants are urged to discuss the development of the agriculture and livestock breeding sector frankly.

**Union ministers and deputy ministers reported on relevant sectors**

Then, the union minister for agriculture, livestock and irrigation reported to the Senior General on yields of oil crops and self-sufficiency edible oil, expansion of acreage of oil crops for self-sufficiency of edible oil, self-sufficiency of edible oil if targeted yields are met, plans to build edible oil mills after the targeted yields have been met, cultivation and production cotton to meet the domestic demands, production of oil and animal feeds from cotton seeds, cooperation with other countries for cultivation of high yield cotton strains, expanded cultivation, production and exports of coffee in respective states and regions, cultivation and production of sugar cane, measures taken for the development of cultivation of wheat, steps taken for breeding of milk cows and production of dairy products, breeding of domestic cattle for milk in addition to milk cows and the need to expand breeding of milk cows for development of dairy product manufacturing. The union minister for the ministry of cooperatives and rural development reported to the Senior General on measures taken for sufficient agricultural water supply to states and regions and formation of cooperative societies by the ministry to provide inputs for agriculture and livestock breeding farms while the union minister for industry reported to the Senior General on production of textile and measures taken for meeting the domestic cotton demand as much as possible, potentials for production of cloth by MSMEs and operations of sugar mills. The union minister for commerce reported to the Senior General on exports of oil crops, coffee products, sugar cane products and rubber products and imports of edible oil, consumer products, agricultural inputs, agricultural machinery and equipment, pesticides for respective fiscal years.

Then, the union minister for the ministry (2) of the Office of the Chairman of the SAC reported to the Senior General on the need to set targets for production of the agriculture sector for respective years, to produce sunflower oil while Member of the SAC Chairman of the Myanmar Economic Corporation Lt-Gen Nyo Saw reported to the Senior General on cultivation of sugar cane for sugar mills in respective states and regions, yields of sugar from respective sugar cane strains, measures to be taken for crop yields, efforts being made by the livestock breeding sector to boost the production of dairy products, meat and fish. Chairman of Myanmar Economic Holding Private Company Ltd., Lt-Gen Hsan Oo reported to the Senior General on cultivation of sugar cane and production of sugar and breeding of cattle.

Afterward, deputy minister and responsible officials reported to the Senior General on research for development of the agriculture and livestock breeding industries, river-water pumping projects, creek dams, tube wells and solar water-pumping projects for sufficient supply of agricultural water and operations of agriculture, livestock breeding and manufacturing industries by forming cooperative societies.

**Requirements over the presentations discussed**

Regarding the presentations, the Senior General said that in the cultivation of oil crops, it is necessary to cultivate the actual acreage. It is necessary to present the actual acres planted according to the season, no matter what crops are planted or no matter what season. As such, full acreage should be used for cultivation. In the cultivation of crops, it is necessary to cultivate good varieties in a systematic way. It is also required to re-examine the production capacity of factories to fully produce sugar from sugarcane. Rather than expanding sugarcane acreage, yields should improve. To meet the domestic demand for cotton, the production of cotton must increase, while it is necessary to build more cotton factories and upgrade the existing ones. **Cotton mills, weaving machines and cotton products should run as MSMEs and it will create more jobs for the people, so it should be done as a national cause.** In carrying out cattle breeding activities, it is necessary to improve breeding in rural areas as before. In doing so, **an accessible market must be created for breeders. Milk collection centers should be built for each village.** They should deliver milk to the milk factories within 24 hours. Rather than importing goods that can be domestically manufactured, the country needs to import actually needed goods.

To meet the domestic demand for dairy products, the breeding of dairy cows must be expanded. Value-added dairy products such as condensed milk, evaporated milk and instant milk must be produced. Therefore, ethnic entrepreneurs should be invited to build and operate dairy factories. It is necessary to provide sufficient agricultural water for agricultural activities. **Straws coming from more than 14 million tons of monsoon paddy can be used for animal feed as well as for the pulp industry, so they to be used efficiently.** It is the same in corn farming. From the soft stems of straws, natural fertilizers, wood substitute fuel and animal feed and pulp, which is in high demand in the world, should be produced.

**Necessary to realize the points discussed**

The Senior General in his closing speech said that today's discussions are very beneficial. As discussed, we need to be able to implement it in practice. Cotton farming and oil crop farming need to be done as a national task. Rather than expanding the acreage, we need to improve the per-acre yields. **From the beginning of cultivation to the time of harvest, the products that are produced step by step will be of great benefit to the country. Domestic employment opportunities and production values will increase. From the cultivation process to finished products, employment and supply chain will improve greatly in the entire manufacturing process.** Therefore, we need to focus on agricultural production. Similarly, we need to produce human resources for agriculture and manufacturing. In producing scholars needed for agricultural activities, from diploma level to undergraduate and post-graduate levels, we need to open more schools. Plans are also being made to turn out livestock diploma experts. It is necessary for the ministries to coordinate and discuss with each other to be able to implement agriculture and breeding activities quickly. The results of today's meeting were good and that **the points discussed needs to be realized,** said the Senior General. Then, the meeting ended at 2 pm. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## General Atomics ကုမ္ပဏီက အမေရိကန်လေတပ်အတွက် XQ-67A ဒရုန်းကို ထုတ်ဖော်ပြသ



General Atomics Aeronautical Systems Inc. (GA-ASI) ကုမ္ပဏီသည် အမေရိကန်လေတပ် သုတေသနဓာတ်ခွဲခန်း၏ Off-Board Sensing Station (OBSS) အစီအစဉ်အတွက် အထူးထုတ်လုပ်ထားသည့် ၎င်း၏ XQ-67A ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Air Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လျှို့ဝှက် အကောင်အထည်ဖော်နေသော ဤအစီအစဉ်သည် တိုက်လေယာဉ်များကို လမ်းညွှန်ပေးနိုင်သော ဒရုန်းများကိုဖြန့်ကြက်ပြီး လေယာဉ်မှူးထံ ပစ်မှတ်နှင့် မြိမ်းခြောက်မှုများဆိုင်ရာ မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များကိုပေးပို့နိုင်စေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် XQ-67A ဒရုန်းသည် လေယာဉ်ပြေးလမ်းတွင် မြန်နှုန်းမြင့် ဆင်းသက်ရပ်နားမှုများ လုပ်ဆောင်နေသည့်ပုံများနှင့် ဗီဒီယိုဖိုင်များကိုမျှဝေခဲ့ပြီး ပထမဆုံးအကြိမ် စတင်ပျံသန်းရန် ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ဒရုန်းကို စမ်းသပ်ပျံသန်းခြင်း ဟုတ်၊ မဟုတ် အတည်မပြုနိုင်သေးသော်လည်း အမေရိကန်လေတပ်သည် ယခုနှစ်၏ ပထမခြောက်လအတွင်း ပထမဆုံးအကြိမ် ပျံသန်းရန် စီစဉ်ထားသည်။

ဒရုန်းနယ်ပယ်တွင် XQ-67A ဒရုန်း မတူကွဲပြားခြားနားမှု၊ အစိုးရမိတ်ဖက်များနှင့်ပူးပေါင်း၍ OBSS အစီအစဉ်၏အဆင့်များတစ်လျှောက် တိုးတက်မှုအတွက်ချမှတ်ထားသော နည်းလမ်းတကျချဉ်းကပ်လုပ်ဆောင်မှုကို မီးမောင်းထိုးပြထားပြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှု၊ အရှိန်အဟုန်မြင့် ဒီဇိုင်းထုတ်လုပ်မှုနှင့် ထိရောက်သော တိုက်ခိုက်ရေးစွမ်းရည်များ ပံ့ပိုးပေးနိုင်ရန် အာရုံစိုက်ထားကြောင်း GA-ASI ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူ C. Mark Brinkley က ပြောကြားသည်။

၂၀၂၁ ခုနှစ်က စတင်ခဲ့သော OBSS အစီအစဉ်သည် မူလက GA-ASI နှင့် Kratos ကုမ္ပဏီတို့နှင့် စာချုပ်များချုပ်ဆိုနိုင်ခဲ့ပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ်တွင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ OBSS အစီအစဉ်၏ ရည်ရွယ်ချက်များမှာ အပြည့်အဝမဖော်ပြထားသော်လည်း အဆင့်မြင့်အာရုံခံကိရိယာများ တပ်ဆင်ထားသောဒရုန်းများကို ဖြန့်ကြက်အသုံးပြုနိုင်ရေးအတွက် အာရုံစိုက် လုပ်ဆောင်နေပုံရှိသည်ဟု စစ်ဘက်လေ့လာ အကဲခတ်သူများက သုံးသပ်ထားကြသည်။ ဤအာရုံခံကိရိယာများ တပ်ဆင်ထားသောဒရုန်းများသည် တိုက်လေယာဉ်များ၏ ရှေ့ပြေးကင်းထောက်များအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ပစ်မှတ်များနှင့် လေကြောင်း၊ မြေပြင်ခြိမ်းခြောက်မှုများဆိုင်ရာ အရေးကြီးသော သတင်းအချက်အလက်များကို စုဆောင်း၍ တိုက်လေယာဉ်များထံ ပြန်လည်ပေးပို့နိုင်စေမည်ဖြစ်သည်။ ယခု XQ-67A ဒရုန်းကို အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်လေတပ်၏ ဒရုန်းစွမ်းအားစုများတည်ဆောက်ရာတွင် XQ-67A ဒရုန်းတစ်ခုတည်း လုပ်ဆောင်နေခြင်းတော့ မဟုတ်ပေ။ စမ်းသပ်မှုများတွင် Kratos ကုမ္ပဏီထုတ် XQ-58A Valkyrie ဒရုန်းနှင့် Boeing ကုမ္ပဏီ၏ MQ-28 Ghost Bat ဒရုန်းတို့လည်းပါဝင်ပြီး MQ-28 Ghost Bat ဒရုန်းမှာမူ ဩစတြေးလျနိုင်ငံလေတပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ခုမှ အမေရိကန်နိုင်ငံတွင် ထပ်မံစမ်းသပ်ရန်အတွက် တင်သွင်းခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

OBSS အစီအစဉ်နှင့်အတူအမေရိကန်လေတပ်၏ Collaborative Combat Aircraft (CCA) ပေါင်းစည်းတိုက်လေယာဉ်စီမံကိန်းဆိုင်ရာ ပဏာမခြေလှမ်းသည် ကဏ္ဍမျိုးစုံကို ဖြည့်ဆည်းပေးနိုင်သည့် ရေတပ်စစ်သင်္ဘောများနှင့်လေတပ်တိုက်လေယာဉ်အုပ်များကဲ့သို့ ဒရုန်းယာဉ်စုအဖြစ် ဒုံးကျည်တင်စစ်သင်္ဘောများ၊ အာရုံခံ ထောက်လှမ်းရေးတပ်ဖွဲ့များ၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များနှင့် ရန်သူတန်ပြန်တိုက်ခိုက်လာမှုများမှ ကာကွယ်ပေးနိုင်သည့် အတုအယောင်၊ လှည့်စားမှုများစသည်တို့ထိ ရည်မှန်းချက်တာဝန်အမျိုးမျိုးပေးအပ်နိုင်သော ဒရုန်းယာဉ်များကို ပိုင်ဆိုင်နိုင်ရေးဖြစ်သည်။

အဆိုပါ ဒရုန်းများ ပါဝင်ဖွဲ့စည်းသွားမည့် ဒရုန်းယာဉ်စုသည် တရုတ်နိုင်ငံ၏ ဒရုန်းစွမ်းအားတွင် အရေးအတွက်သာလွန်နေမှုကိုတန်ပြန်ရန်ရည်ရွယ်၍ သက်တမ်းကြာမြင့်ပြီး ခေတ်မမီသော တာရှင်းဟောင်းများကို အဆင့်မြှင့်တင်ရန်သာမက အမေရိကန်လေတပ်၏ စွမ်းဆောင်ရည်ကို အားကောင်းလာစေမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**General Atomics unveils XQ-67A sensing drone for US Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားထုတ် S-350 လေကြောင်းရန်ကာကွယ်ရေးစနစ်မှဒုံးပစ်လောင်ချာယာဉ် မိုင်းနင်းမိသော်လည်း ဒုံးကျည်များထိခိုက်ပျက်စီးမှုမရှိ

ရုရှားနိုင်ငံ လူးဟန့်စ်ဒေသအတွင်း ရုရှားလေကြောင်းချီတပ်ဖွဲ့၏ S-350 လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်မှ 50P6E ဒုံးပစ်လောင်ချာယာဉ်သည် ညအချိန်စစ်ဆင်ရေးဆောင်ရွက်မှုများအတွင်း ခံစစ်အတားအဆီးမိုင်းများ နင်းမိခဲ့သော်လည်း ဒုံးကျည်များထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရရှိသည့် သတင်းအချက်အလက်များအရ ရုရှားတပ်ဖွဲ့များသည် ၎င်းတို့ကိုယ်တိုင် ခံစစ်အတားအဆီးအဖြစ် ခင်းထားသောမိုင်းများဖြင့် ထိမိခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဒုံးကျည်များပေါက်ကွဲခဲ့ခြင်းမရှိဘဲ ယာဉ်ကိုယ်ထည်ပိုင်းသာ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

လက်ရှိ ရုရှား-ယူကရိန်းအထူးစစ်ဆင်ရေးပဋိပက္ခများအတွင်း စစ်မြေပြင်ခံစစ်အတားအဆီးမိုင်းတွင်းများ၏ အန္တရာယ်သည် လွန်စွာကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်လည်းဖြစ်သည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ယခုဖြစ်စဉ်တွင် S-350 လေကြောင်းရန် ကာကွယ်ရေးစနစ်မှဒုံးပစ်လောင်ချာယာဉ်၏ မိုင်းဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားမှုကိုလည်း တွက်ဆနိုင်မည်ဖြစ်သည်။

S-350 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို S-300PS လက်နက်စနစ်များနေရာတွင်အစားထိုးရန် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့်နည်းပညာသုံး ရေဒါနှင့် တိုက်ပွဲဝင်အသင့် ဒုံးကျည် ၁၆ စင်းတပ်ဆင်နိုင်သော ဒုံးပစ်လောင်ချာယာဉ်တို့ဖြင့် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ အဆိုပါလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်တွင် မူလက S-400 စနစ်အတွက် ဒီဇိုင်းထုတ်ထားသည့် 9M96 ဒုံးကျည်အမျိုးအစားများ အသုံးပြုထားပြီး ဝေဟင်နှင့်ပဲ့ထိန်းဒုံးကျည်များကို တိကျစွာတုံ့ပြန်နိုင်စွမ်းရှိသည်။

8x8 ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည့် S-350 သည် လှုပ်ရှားစစ်ကစားမှု မြင့်မားကောင်းမွန်ပြီး မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် လျင်မြန်စွာတိုက်ပွဲဝင်တပ်ဖြန့်နိုင်စေသလို ရန်သူ့တန်ပြန်တိုက်ခိုက်မှုများမှလည်း အချိန်မီရှောင်တိမ်းနိုင်စွမ်းရှိသည်။ ဒီဇယ်အင်ဂျင်သုံးထားပြီး တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းဖြင့် ခရီးအကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ စစ်ဆင်နိုင်စွမ်းရှိသည်။ ခိုင်မာတောင့်တင်းသော ယာဉ်ဖွဲ့စည်းပုံကြောင့် လျှောစောက်အနက် ၁ ဒသမ ၄ မီတာထိ မတ်စောက်သောတောင်စောင်းများတွင် မောင်းနှင်သွားလာနိုင်သည်။



အမိန့်ပေးထိန်းချုပ်ရေးယာဉ် တစ်စီးပါဝင်ဖွဲ့စည်းထားပြီး 50K6E Command Control Post သည် တပ်ခွဲရှိသက်ဆိုင်ရာ ဒုံးပစ်လောင်ချာယာဉ်များ၊ ရေဒါယာဉ်များနှင့် ဆက်စပ်ယူနစ်၊ စနစ်ခွဲများအားလုံးကို စီမံခန့်ခွဲ၍ စနစ်တစ်ခုလုံးကို ကြီးကြပ်ကွပ်ကဲအမိန့်ပေးတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ရုရှားထုတ် S-350 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ယူကရိန်းလေယာဉ်များကိုတိုက်ခိုက်ရာတွင် AI နည်းပညာကိုအသုံးပြုထားပြီး အမြင့်ဆုံးအကွာအဝေး ကီလိုမီတာ ၁၂၀ ထိ ထိရောက်မှုရှိပြီး ပုံမှန်အမြင့် ကီလိုမီတာ ၃၀ တွင် ပစ်မှတ် ၁၆ ခုထိ တစ်ပြိုင်နက်တိုက်ပွဲဝင်နိုင်စွမ်းရှိသည့် လက်နက်စနစ်အဖြစ် မှတ်တမ်းတင်ထားခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Irony strikes as Russian S-350 air defense system damaged by own mines ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၅၄၂၈ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၅၄၂၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၅၄၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင် ၅၅ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း သိရသည်။

"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စပါး ၂၅၄၂၈ ဧကစိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိမှာလဲ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းကောင်းပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ဖို့၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဧက ၃၃၃၀၊ ဆွမ္မရာမြို့တွင် ၂၀၂၈ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ဧက၊ ဒုံဟီးမြို့တွင် ၄၉၃၇ ဧကနှင့် ပန်ဆောင်မြို့တွင် ၅၁၈၂ ဧက စုစုပေါင်း ၂၅၄၂၈ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် ဓာတ်မြေဩဇာ သုံးစွဲတတ်စေရန် နည်းပညာများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# လားရှိုးမြို့ ဘုန်းကြီးကျောင်းလမ်းနှင့် မဟာဗျူဟာလမ်းတွင် ကတ္တရာခင်းခြင်းပြီးစီးမှု စစ်ဆေး

**လားရှိုး ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၇) ဘုန်းကြီးကျောင်းလမ်းနှင့် ရပ်ကွက်(၈) မဟာဗျူဟာလမ်းတို့တွင် လမ်းသားချဲ့၍ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(လားရှိုး)မှ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်မိုးခိုင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၃၇ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်သည့် ရပ်ကွက်(၇) ဘုန်းကြီးကျောင်းလမ်း လမ်းသားချဲ့၍ ကတ္တရာခင်းခြင်း၊ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂၀၂ ဒသမ ၇ သိန်းဖြင့်ဆောင်ရွက်သည့် ရပ်ကွက် (၈)မဟာဗျူဟာလမ်း လမ်းသားချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်ဇင်က လုပ်ငန်းပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယအင်ဂျင်နီယာမှူးကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



လားရှိုးမြို့ ရပ်ကွက်(၇) ဘုန်းကြီးကျောင်းလမ်း လမ်းသားချဲ့၍ ကတ္တရာခင်းခြင်း လုပ်ငန်းသည် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်နှစ်လက်မ၊ ရပ်ကွက်(၈) မဟာဗျူဟာလမ်း လမ်းသားချဲ့၍ ကတ္တရာခင်းခြင်းသည် အရှည် ပေ ၁၃၅၀၊ အကျယ် ၁၂ပေ၊ အမြင့်နှစ်လက်မ ခင်းခြင်းလုပ်ငန်းကို လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ပြီးစီးမှုကြောင့် ရပ်ကွက်နေပြည်သူများ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျက်ကြီးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုညဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅၇ ဦးကို ငွေကျပ် ၄၅ ဒသမ ၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၆၆ ဦးကို ငွေကျပ် သိန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၂-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

☆ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းပြဋ္ဌာန်းခဲ့သည့် ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၇/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ အာဏာတည်အမိန့်ကို သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့အာဏာတည်သည့် အမိန့်ကို သတ်မှတ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို အဆင့်အဆင့် ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ခရိုင်၊ မြို့နယ်အဖွဲ့များကို ဆက်လက်ဖွဲ့စည်းသွားရမည်ဖြစ်ပြီး ဖွဲ့စည်းမှုပြီးပါက မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့သည် စစ်မှုထမ်းဆောင်ရမည့် အရွယ်ရောက်သူ နိုင်ငံသားတိုင်းကို ဆင့်ခေါ်ခြင်း၊ မှတ်ပုံတင်ထားခြင်းတို့ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိထားသူများကို ဆင့်ခေါ်၍ ဆေးစစ်ဆေးခြင်းကို တပ်မတော်ဆေးစစ်ဆေးခြင်းဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်ခြင်းခံရသူ၏လျှောက်လွှာအပေါ် စိစစ်ချက်နှင့် တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ကို ခရိုင်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ဆက်လက်တင်ပြပြီး ၎င်းမှတစ်ဆင့် ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အခန်း ရှစ်ခန်းနှင့် ပုဒ်မ ၃၃ ခုဖြင့် ပြဋ္ဌာန်းထားပြီး ၎င်းပြဋ္ဌာန်းချက်များမှ အရေးကြီးသော အချက်များကို ထုတ်နုတ်ရှင်းလင်းလိုပါကြောင်း၊ **စစ်မှုထမ်းရမည့် အသက်အရွယ် သတ်မှတ်ချက်အနေဖြင့် အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၄၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း ဥပဒေအရသတ်မှတ်ထား**ပါကြောင်း။

စစ်မှုထမ်းရန်ကာလမှာ ၂၄ လဖြစ်ပြီး တပ်မတော် စက်မှုလက်မှုပညာသည်များအဖြစ် ဆင့်ခေါ်ခံရပါက ၃၆ လထက်မပိုသည့် ကာလအပိုင်းအခြားအတွက် စစ်မှုထမ်းရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို ငါးနှစ်ထိ တိုးမြှင့်သတ်မှတ်နိုင်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူများ၊ အခြားပြုစုစောင့်ရှောက်မည့်သူများမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ၊ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ၊ ထောင်ဒဏ်ကျခံနေသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယာယီရွှေ့ဆိုင်းထားသူများအတွက် စစ်မှုထမ်းဆောင်ရမည့်အသက်အရွယ်ကျော်လွန်စေကာမူ သတ်မှတ်ထားသော ပြည်သူ့စစ်မှုထမ်းဆောင်ရန်ကာလကို ပြည့်မီအောင် ပြန်လည်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည် အမျိုးသမီးများအပြင် အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်ပါကြောင်း၊ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများသည် စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်မည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းမှုကိုလည်း အမြန်လျာထားတင်ပြရန်လိုအပ်ပါကြောင်း၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များနှင့် နည်းဥပဒေ(မူကြမ်း)တို့ကိုလည်း ကြိုတင်လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင်ဖြစ်စေ၊ သီးခြားဖြစ်စေ အကြံပြုချက်များ၊ ဖြည့်စွက်သင့်သည့်အချက်များကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းကျင့်သုံးသည့် နိုင်ငံအချို့၏ ဖွဲ့စည်းဆောင်ရွက်မှုများကိုလည်း လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

လက်ရှိ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်နိုင်သည့် လူဦးရေမှာ ၁၃ သန်းခန့်ရှိသည်ဟု သိရှိရပါကြောင်း။ **ပြည်သူ့စစ်မှုထမ်းအဖြစ်ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူအားလုံးကို တစ်ချိန်တည်းတစ်ပြိုင်တည်းခေါ်ယူမည်မဟုတ်ဘဲ နေရာဒေသအလိုက်၊ မြို့နယ်အလိုက်၊ လူဦးရေပေါ်မူတည်၍ အချိုးအစားအလိုက် ခေါ်ယူသည့်စနစ်ကို ကျင့်သုံးသွားမည်**ဖြစ်ပါကြောင်း၊ သင်တန်းတစ်ပတ်စဉ်တွင် ရပ်ကွက်တစ်ခု ကျေးရွာတစ်ခုမှ အများဆုံးပါဝင်နိုင်မည့် အရေအတွက်မှာ တစ်ဦး၊ နှစ်ဦးထက်ပိုနိုင်မည်မဟုတ်ကြောင်း၊ အကျုံးဝင်သူများအနက် နှစ်စဉ်တက်ရောက်ရမည့် အရေအတွက်မှာ တစ်ရာခိုင်နှုန်းအောက်ပင်ရှိပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် သတ်မှတ် Time Frame အတွင်း အချိန်မီပြီးစီးနိုင်ရန်အတွက် လိုအပ်သည့်လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၊ အုပ်ချုပ်ထောက်ပံ့မှု ဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ စစ်မှုထမ်းမည့်သူများကို စိစစ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းဇယားများမှတ်ပုံတင်ရေးလုပ်ငန်းအဖွဲ့၊ သင်တန်းဖွင့်လှစ်နိုင်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့စသည်ဖြင့် ဖွဲ့စည်းရန်ဖြစ်ပါကြောင်း။

ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် စာရင်းဇယားများမှန်ကန်တိကျစွာဖြင့် စနစ်တကျဖြစ်စေရေးအတွက် စတင်ဆောင်ရွက်စဉ်ကပင် အလေးထားစီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ Implementation Plan ကို အကောင်အထည်ဖော်ရန်အတွက် ကွန်ပျူတာစနစ်တစ်ခုရေးဆွဲပြီး ရှိပြီးသားစနစ်များနှင့် ချိတ်ဆက်စီမံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပိုမိုထိရောက်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ မျှတသော စစ်မှုထမ်းစနစ် ထွက်ပေါ်လာမည်ဖြစ်ပြီး ပြည်သူလူထု၏ ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် သတင်းမှန်ကို အမြန်သိစေနိုင်ရေးအတွက်လည်း Social Media အပါအဝင် နည်းလမ်းမျိုးစုံသုံး၍ အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လေ့ကျင့်ရေးကွင်းများ၊ သင်တန်းသား အိပ်ဆောင်များ၊ ရေ၊ မီး၊ မိလ္လာ၊ သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် သတ်မှတ် Time Frame အတွင်းဝင်ရန် အစီအမံချမှတ်၍ ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက်လည်း စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သတင်းမှားဝေဖန်ပြောဆိုချက်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသတင်းမှန်များ သိရှိနိုင်ရေး တုံ့ပြန်ဆောင်ရွက်ရမည့်အခြေအနေ၊ ပြည်သူ့စစ်မှုထမ်းခြင်းလုပ်ငန်းစဉ်များကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ရမည့်အခြေအနေ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ကာလအပိုင်းအခြားအလိုက် မှန်ကန်တိကျစွာဆောင်ရွက်နိုင်ရေး အဖွဲ့များအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများက ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူများ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ၊ SOPရေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်သင့်သည့်အကြောင်းအရာများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များဖွဲ့စည်း၍ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက Time Frame နှင့် Guide Line များကို ချထားပေးပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ထားသောအချိန်ကာလအတွင်း ပြီးမြောက်အောင် မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည့်ကိစ္စရပ်များရှိလာနိုင်သည့်အတွက် ကြိုတင်တွက်ချက်ထားရန် လိုအပ်ပါကြောင်း၊ သတင်းထုတ်ပြန်မှုအပိုင်းများတွင်လည်း ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး တယ်လီဖုန်းအော်ပရေတာများကတစ်ဆင့် မက်ဆေ့ချ်များ ပေးပို့ဆောင်ရွက်နိုင်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မိမိတို့လက်ကိုင်ထားဆောင်ရွက်ရမည့် Guide Line ဖြစ်ပါကြောင်း၊ ပိုမိုအသေးစိတ်ဆောင်ရွက်ရမည့် နည်းဥပဒေကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ရေး ဗဟိုအဖွဲ့တွင်ပါဝင်သည့် ဝန်ကြီးဌာနများ၊ တပ်မတော်နှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြပါရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ ပြည်သူ့စစ်မှုထမ်း ဥပဒေများကိုလည်း လေ့လာပြီး မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဥပဒေ၊ နည်းဥပဒေများပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၇ မှအဆက်**

မြန်ဆန်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရလဒ်များ ကောင်းမွန်သည်ကို တွေ့ရှိရပြီး ဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။



နိုင်ငံတကာမှ နို့စားနွား မွေးမြူရေးလုပ်ငန်း တစ်ခုကို တွေ့ရစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၇-၂-၂၀၂၄ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှမှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |

# အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကာကွယ်ရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၂၄**
၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၇ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်)

## အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယင်းဥပဒေပုဒ်မ ၁၂ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ် ရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | စစ်ဦးစီးအရာရှိချုပ်(ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးအရာရှိချုပ်(ရေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးအရာရှိချုပ်(လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယစစ်ရာထူးခန့်ချုပ်<br>စစ်ရာထူးခန့်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | တွဲဖက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယတပ်မတော်လေ့ကျင့်ရေး<br>အရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေး<br>အရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>တပ်မတော်မှတ်တမ်း<br>ညွှန်ကြားရေးမှူးရုံး | အတွင်းရေးမှူး |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူး<br>တပ်အင်အားဖြည့်တင်းရေး<br>ညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

**ပြည်ထောင်စုဝန်ကြီး**
**ကာကွယ်ရေးဝန်ကြီးဌာန**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန် (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**

# ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံသစ်ဖွင့်ပွဲ ပြုလုပ်



**တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသစ်၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသစ် ဖွင့်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေများလှူဒါန်းထားသည့် အလှူရှင်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်



ပုသိမ်မြို့ ရွှေမုဋ္ဌောမြတ်စွာဘုရားအား တပ်မတော်သား အရာရှိ၊ စစ်သည်များ ဖူးမြော်ကြည်ညိုစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တပ်မတော်သား အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း တပ်မတော်သား အရာရှိ၊ စစ်သည်များကို ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များကို အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် နေ့လယ်ပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် မြတ်ကျောင်းတော် မြန်မာ့ရိုးရာ ပုသိမ်ထီးလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းမှူးက ချောင်းသာအပန်းဖြေ ဧည့်ရိပ်သာ၌ အမှာစကားပြောကြားပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

---

# ပုသိမ်မြို့နှင့် တောင်သာမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်စဉ်။



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အားကစားကွင်း၌ လည်းကောင်း အသီးသီးပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌ စုဝေးကြပြီး ကျင်းပမည့် နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဗိုတာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကိုကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်းပြည်ပအန္တရာယ်များကကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ကျောက်ဆည်မြို့နယ်အတွင်းရှိ MSME စားသောက်ကုန်လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ MSME စားသောက်ကုန်လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရဲစုရပ်ကွက်ရှိ မြဘုရင်နို့ချက်စက်ရုံသို့ ရောက်ရှိပြီး မြဘုရင် နို့ချက်စက်ရုံပိုင်ရှင် ဦးဝင်းဗိုလ်က မြဘုရင်မွေးမြူရေးခြံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုစက်ရုံသမိုင်းအကျဉ်း၊ နို့ဆီ၊ နို့စိမ်း၊ နို့ဆီခဲနှင့် နို့မှုန့်ထုတ်လုပ်နေမှု၊ နွားနို့ကုန်ကြမ်းရရှိမှုအခြေအနေနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးပေးနေမှုတို့ကို PowerPoint ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဒိုင်းကျေးရွာရှိ ဒီနေလင်း ဒိန်ချဉ်၊နွားနို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းရှင်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထန်းဇင်တော်ကျေးရွာအုပ်စု ဦးမျိုးလွင်၏ ငါးမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးမွေးမြူရေး ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ငါးကန် လေးကန်အတွင်း ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးမုတ်၊ ငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ တီလားပီးယားများ စုစုပေါင်း အကောင် ၂၃၀၀၀ မွေးမြူထားရှိမှု၊ ငါးအစားအစာဝယ်ယူမှု၊ ငါးပိသာချိန်ထွက်ရှိမှုနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးမှုအခြေအနေများ၊ တီလားပီးယားငါးမျိုးမွေးမြူထားသော ကန်အတွင်း အုန်းချိုမွှေး(ထိုင်းမျိုး) အပင် ၅၀ကို တွဲဖက်စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးပြီး လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ကြောင်ပန်းကုန်းကျေးရွာရှိ တောင်သူ ဦးမြင့်ဆွေ၏ရေဆင်း(၃)ကုလားပဲနှင့် ဆင်းရွှေကြာ(၂) နေကြာသီးနှံအကန့်လိုက်စိုက်ခင်းနေရာများသို့ ရောက်ရှိပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မျိုး၊ မြေ၊ ရေ၊ နည်းဟန်ချက်ညီပြီး စိုက်ပျိုးရေးထုတ်လုပ်မှုများပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိရေးနှင့် တောင်သူများကို စိုက်ပျိုးရေးနည်းပညာများ ထိရောက်စွာပံ့ပိုးပေးသွားရေးတို့ကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားပြီး တောင်သူများ၏ ကြုံတွေ့နေရသည့် အခြေအနေများအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့် အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၁ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၁ ပါတီအနက် မင်းမျိုးတင့်လွင်ခေါင်းဆောင်သည့် **မွန်တိုးတက်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။

မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၁ ပါတီအနက် ပါတီကိုးပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX αT အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ၊ Super Seven Star Motors Industry Co., Ltd က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA NIRO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထင်းမယ်ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း ၄၄၃၅ ဧကရှိသော နယ်မြေကို "ထင်းမယ်ကြိုးပြင်ကာကွယ်တော"အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၄)အရ ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၆ ရက် (၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများကို ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ထင်းမယ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကညင်၊ကတွတ်၊သပြေ၊ဥဘန်း၊ရှစ်ခေါ၊တောင်သရက်၊ယမနေ၊ဖန်ခါး၊ကံ့ကော်၊သစ်မင်း၊မရမ်းနှင့် မျောက်ဒိုစသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်သော ငှက်မျိုးဖြစ်သည့် တောင်ငုံးရင်မဲငှက်ကို ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ယင်းဒေသတွင် နေထိုင်ကျက်စားလျက်ရှိသော ကြံ့သူတော်၊ ကျား၊ တောဆင်ရိုင်းများ၏နေရင်းဒေသကို တိုးပွားလာနိုင်မည်ဖြစ်ခြင်းနှင့် လေညာမြစ်အတွင်း စီးဝင်သော ကလောင်နန်ချိုချောင်း၏ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ဂျပန်နိုင်ငံတွင် ဆာကူရာဂျီးမားမီးတောင် ပေါက်ကွဲလျက်ရှိသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးပြင်ဆင်ထားရန် သတိပေးချက်ထုတ်ပြန်



**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်နိုင်ငံတွင် ဆာကူရာဂျီးမား မီးတောင်သည် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ပေါက်ကွဲမှုဖြစ်ပွားလျက်ရှိပြီး ဒေသခံများအနေဖြင့် လိုအပ်ပါက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ပြင်ဆင်ထားရန် တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံတောင်ပိုင်းရှိ ဆာကူရာဂျီးမားမီးတောင်သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းမှစတင်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယနေ့ထိ ပေါက်ကွဲမှုဆက်လက်ဖြစ်ပွားလျက်ရှိရာ မီးတောင်မှ ထွက်ပေါ်လာသော မီးခိုးပြာများ၊ ကျောက်တုံး၊ ကျောက်ခဲများသည် မီးတောင်နှင့် တစ်မိုင်ခန့်အကွာထိ လွင့်စဉ်လျက်ရှိသဖြင့် မီးတောင်နှင့် အနီးဆုံး ၂ ဒသမ ၅ မိုင်အကွာရှိ လူဦးရေ ၆၀၀၀၀ ကျော်နေထိုင်ရာ ကာဂိုရှီးမားမြို့ရှိ ဒေသခံများကို လိုအပ်ပါက ဘေးလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းနိုင်ရေး ပြင်ဆင်ထားရန် တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် လူထိခိုက်သေဆုံးမှုများ မရှိသေးသော်လည်း အနီးအနားရှိမြို့များတွင် ပြာများပျံ့နှံ့သွားနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားထားသည်။

အမြင့် ၃၆၆၅ ပေရှိသော အဆိုပါမီးတောင်သည် ဂျပန်နိုင်ငံရှိ မီးတောင်များအနက် တက်ကြွလှုပ်ရှားမှုအရှိဆုံး မီးတောင်တစ်ခုဖြစ်ကြောင်း၊ ယခုပေါက်ကွဲမှုသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပေါက်ကွဲမှုများအနက် အပြင်းထန်ဆုံးဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : AZH**

# Empire Wind ကုမ္ပဏီ၏ ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မည့်စီမံကိန်းကို EPA ခွင့်ပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(EPA)က နယူးယောက်အခြေစိုက် Empire Wind ကုမ္ပဏီ၏ ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မည့်စီမံကိန်းကို ခွင့်ပြုပေးလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေနံသန့်စင်ရေးကုမ္ပဏီ Equinor က ပိုင်ဆိုင်ထားသည့် Empire Wind ကုမ္ပဏီကို EPA က လေထုသန့်စင်ရေးအက်ဥပဒေအရ စီမံကိန်းကိုခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ EPA က ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းနှင့် ပတ်သက်ပြီး အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း အမေရိကန်ဖက်ဒရယ် လေထုသန့်စင်မှုကို ထိခိုက်နိုင်ဖွယ်မရှိသည့်အတွက် စီမံကိန်းကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကမ်းလွန်လေအားလျှပ်စစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးသွားရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကနေ လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၂၀၀၀ လောက်ထိ ထုတ်လုပ်နိုင်တော့မှာဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍကို သိသိသာသာလျှော့ချလာနိုင်တော့မှာဖြစ်တဲ့အတွက် လေထုညစ်ညမ်းမှုကိုလဲ လျှော့ချနိုင်တော့မှာ ဖြစ်ပါတယ်"ဟု EPA မှ ပြောရေးဆိုခွင့်ရှိသူ ဂါစီယာက ပြောကြားခဲ့သည်။



Empire Wind ကုမ္ပဏီက ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းနှစ်ခုကို တည်ဆောက်သွားမည်ဖြစ်ပြီး လေအားလျှပ်စစ်အတွက် တာဘိုင် ၁၇၆ လုံးထိတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၎င်းပမာဏသည် နယူးယောက်ပြည်နယ်အတွင်း နှစ်စဉ် နေအိမ်ပေါင်း ၇၀၀၀၀၀ ကျော်ကို လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ပေးဝေနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ကနေဒါနိုင်ငံရှိဘဏ်များအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**အော့တာဝါ ဖေဖော်ဝါရီ ၁၆**

ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းဖြစ်သည့် Greenpeace Canada မှ တက်ကြွလှုပ်ရှားသူများက ကနေဒါနိုင်ငံရှိ ဘဏ်များနှင့်ပတ်သက်၍ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းပေးရန် ဖေဖော်ဝါရီ ၁၅ ရက်က ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

Greenpeace Canada အဖွဲ့အစည်းမှအဖွဲ့ဝင်များက ကနေဒါဘဏ္ဍာရေးဝန်ကြီးရုံးစိုက်ရာ တိုရွန်တိုမြို့၌ သွားရောက်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးအတွက် ဘဏ်များအနေဖြင့် ငွေကြေးရင်းနှီးမြှုပ်နှံရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည့်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရေးအတွက် တောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကနေဒါနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်နေသော်လည်း ဆောင်ရွက်မှုများမှာ ထိရောက်မှုအားနည်းနေကြောင်း Greenpeace Canada အဖွဲ့အစည်းက သုံးသပ်ခဲ့သည်။

ကနေဒါအစိုးရအနေဖြင့်လည်း ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဥပဒေကို ကဏ္ဍပေါင်းစုံ၌ ပြဋ္ဌာန်းသွားရန် ကတိပေးထားသော်လည်း ဘဏ်လုပ်ငန်းစုကဏ္ဍတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသည့်အခြေအနေဖြစ်ကြောင်း၊ Greenpeace Canada အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများ၏ ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်ပြီး ကနေဒါဘဏ္ဍာရေးဝန်ကြီး ဖရီးလန်းက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခဲ့ခြင်း မရှိသေးကြောင်း သိရသည်။

ကနေဒါဘဏ်လုပ်ငန်းအများစုသည် ကနေဒါအစိုးရက ချမှတ်ထားသော ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် ပူးပေါင်းပါဝင်သွားမည်ဟု ထုတ်ပြန်ထားသော်လည်း လက်တွေ့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌ ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေဆဲဖြစ်ကြောင်း Greenpeace Canada အဖွဲ့အစည်းက ထောက်ပြခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဗန်ကောက်မြို့၌ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး ကျန်းမာရေးထိခိုက်နိုင်သည့်အဆင့်သို့ ရောက်ရှိနေ

**ဗန်ကောက် ဖေဖော်ဝါရီ ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပြီး နေရာတချို့တွင် လေထုညစ်ညမ်းမှု ပမာဏမှာ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ထိုင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကျန်းမာရေးကို ထိခိုက်စေနိုင်သော လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်နေရာများတွင် နေထိုင်သော ဒေသခံများကို နေအိမ်အတွင်း၌သာ နေထိုင်သွားရန်နှင့် အစိုးရရုံးဌာနများကိုလည်း နေအိမ်မှသာ အလုပ်လုပ်သွားရန် ထိုင်းအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း၊ လေထုညစ်ညမ်းမှုသည် စိုက်ပျိုးရေးကဏ္ဍမှ စိုက်ပျိုးမြေခုတ်ထွင်ရှင်းလင်းပြီး မီးရှို့မှုများကြောင့်လည်းကောင်း၊ စက်မှုဇုန်များမှထုတ်လွှတ်သည့် ကာဗွန်များကြောင့်လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှုများကြောင့်လည်းကောင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်းမှာ စိုက်ပျိုးမြေ ခုတ်ထွင်ရှင်းလင်း၍ မီးရှို့မှုများကြောင့်ဖြစ်ပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေခြင်း၏ လေးပုံတစ်ပုံခန့်မှာ ယာဉ်ကြောပိတ်ဆို့မှုထွက်ပေါ်လာသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ကြောင့်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်တာဗီဆင်က ပြောကြားခဲ့သည်။

ဆွစ်ဇာလန်အခြေစိုက် လေထုအရည်အသွေးညွှန်းကိန်းပြအဖွဲ့(IQ Air)က ဗန်ကောက်မြို့၏လေထုညစ်ညမ်းမှုပမာဏကို စောင့်ကြည့်တိုင်းတာခဲ့ရာ ရှိသင့်သည့်ပမာဏထက် ၁၅ ဆထိ မြင့်မားနေသည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ ဗန်ကောက်မြို့တွင်ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့်ပမာဏထက် အဆပေါင်းများစွာမြင့်မားနေပြီး ကမ္ဘာ့လေထုညစ်ညမ်းမှုပမာဏ အများဆုံးမြို့ တော်စာရင်းတွင် အဆင့်(၈)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

ဗန်ကောက်မြို့၏ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သော လေထုညစ်ညမ်းမှုပမာဏဖြစ်သည့်အတွက်ကြောင့် လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်သွားရန် ထိုင်းဝန်ကြီးချုပ် တာဗီဆင်က တာဝန်ရှိသူများကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟုယနေ့သတင်းများအရ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်လာနိုင်သောကြောင့် ဆန်တာဘာဘရာကောင်တီ၌ ရေကြီးရေလျှံမှုသတိပေးချက်များကို ထုတ်ပြန်ထားကြောင်း၊ ထို့ပြင် ပြည်နယ်တောင်ပိုင်းကမ်းရိုးတန်းဒေသများ၊ ဆန်တာဘာဘရာကောင်တီ၊ အနောက်ပိုင်းရှိ ဆန်လူးဝစ်အောဘစ်ပိုကောင်တီ၊ အလယ်ပိုင်းရှိ ဗန်ကျူရာကောင်တီတို့တွင် ရေကြီးရေလျှံမှုစောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကောင်တီပြည်သူ့လုပ်ငန်းဝန်ဆောင်မှုဌာနသည် Atascadero၊ Carnero နှင့် San Pedro ချောင်းတို့ကို ယခင်မုန်တိုင်းတိုက်ခတ်ပြီးကတည်းက သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားပြီး ပင်လယ်ထဲသို့ ရေကောင်းစွာစီးဆင်းနိုင်စေရန်နှင့် အပျက်အစီးများ ပိတ်ဆို့မှုမရှိစေရန် ရေလမ်းကြောင်း စောင့်ကြည့်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လာမည့်ရက်ပိုင်းအတွင်း ဝင်ရောက်မည့်မုန်တိုင်းကြောင့် အချို့နေရာများတွင် မိုးရေချိန်လေးလက်မမှ ရှစ်လက်မထိ ရွာသွန်းနိုင်သဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းများထပ်မံဖြစ်ပွားလာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။


ဆန်တာဘာဘရာကောင်တီတွင် ယခုလအစောပိုင်းကလည်း မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး ကောင်တီအတွင်းရှိ လေဆိပ်ကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# ဖြစ်ရိုးဖြစ်စဉ်

လင်းနွေးအိမ်



(၁)

ရုံးအလုပ်များကို မနားမနေလုပ်ဆောင်ရင်း အချိန်မှာ ရုံးဆင်းချိန်ပင် ကျော်လွန်သွားခဲ့သည်။ ကိုတင်မောင်သည် အိမ်ပြန်ရန်အတွက် ဆိုက်ကားဂိတ်ဆီသို့ ရောက်လာ၏။ ခါတိုင်းဆိုလျှင် ကိုတင်မောင်ဟာ ကိုယ်ပိုင်ဆိုင်ကယ်လေးနှင့်မို့ သွားလာရအဆင်ပြေနေခဲ့၏။ သည်နေ့တွင် သူငယ်ချင်းက ခဏငှားပါဆိုပြီး ငှားယူသွားခဲ့သည်မှာ ရုံးဆင်းချိန်ထိ ရောက်မလာသေး။ ထို့ကြောင့် ကိုတင်မောင် တစ်ယောက် အိမ်ပြန်ရောက်ဖို့အရေး စိုင်းပြင်းနေချိန် ဆိုက်ကားပေါ်၌ ခေါင်းငိုက်စိုက်ချနေသည့် ဆိုက်ကားသမားတစ်ယောက်ကို မြင်လိုက်ရချိန်။

"ဗျို့ ဆိုက်ကားဆရာကြီး၊ ဆိုက်ကားအားလားဗျ။ ရန်ကင်းဘက်ကို သွားချင်လို့"

ထိုသို့ အချက်ပေးလိုက်မှ ဆိုက်ကားဆရာကြီးသည် ဗျာပျာသလဲဖြစ်သွား၏။ ထို့နောက် ဆိုက်ကားဆရာကြီးသည် သူ၏နှုတ်မှ "အားပါတယ်"ဟု ပြန်လည်ပြောဆိုလိုက်ရင်း ဆိုက်ကားပေါ်မှဆင်းကာ ခရီးသည်ထိုင်မည့်နေရာကို အဝတ်တစ်ခုဖြင့် သုတ်နေလိုက်သေး၏။

"ရန်ကင်း ဘယ်လမ်းလဲဗျ"

"၁၄ လမ်းပါ။ ဒီအတွက် ဘယ်လောက်ပေးရမလဲ "

ကိုတင်မောင်အဖို့ အားနာနာဖြင့် မဝံ့မရဲမေးလိုက်မိခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရန်ကင်းသည် မကွေးမြို့၏ အရှေ့ဖျား၌ရှိနေ၏။ အနောက်ဖျားမှ အရှေ့ဖျားသို့ သွားရမည်ဖြစ်သောကြောင့် မိမိကိုလိုက်မပို့မည်ကိုလည်း စိုးရိမ်စရာဖြစ်နေ၏။ သို့သော် ဆိုက်ကားဆရာကြီးသည် ကိုတင်မောင်ကို နားလည်သောအကြည့်ဖြင့်ကြည့်ကာ အခကြေးငွေကို ပြန်လည်ဖြေကြားပေးလိုက်၏။ တဖြည်းဖြည်း တရွေ့ရွေ့နှင့် ဆိုက်ကားဆရာကြီးသည် ဆိုက်ကားကို စတင်၍နင်းလေပြီဖြစ်၏။ သူ၏ပိန်လှီသော အသားအရေသည် နေပူဒဏ်ကြောင့် အမည်းရောင်သမ်းနေ၏။ ရှိသမျှအားကို အဆုံးထိတင်ပြီး နင်းနေရသည်မို့ သူ၏မျက်နှာမှာ အပြုံးကိုလည်းမမြင်တွေ့ရတော့။ ထိုမြင်ကွင်းကို အကဲခတ်မိနေသည့် ကိုတင်မောင်သည် အလိုက်တသိပင် အသာငြိမ်ပြီး လိုက်လာခဲ့တော့၏။

(၂)

ညနေခင်းအချိန်မို့ မကွေးမြို့ကြီး၏ လမ်းမကြီးများပေါ်၌ ကားများ၊ ဆိုင်ကယ်များဖြင့် ရှုပ်ထွေးနေ၏။ ဆိုက်ကားဆရာကြီးသည် ခရီးရောက်ဖို့အရေး ကြိုးစားနေရင်းက လမ်းထိပ်တစ်ခုသို့ အရောက်တွင် အရှိန်ဖြင့်မောင်းလာသည့် ကားတစ်စီးနှင့် တိုက်မိမလိုဖြစ်သွားတော့၏။ ဆိုက်ကားဆရာကြီးသည် ဆိုက်ကားလက်ကိုင်ကို လမ်းဘေးသို့ အတင်းထိုးကွေ့ပစ်လိုက်ရတော့၏။

"ဟာ မင်းတို့က ဘာလဲကွ။ ကားလာနေတာကို မမြင်ဘူးလား။ သေကုန်တော့မှာပဲ။ ဘာလဲ အလျော်လိုချင်လို့လား"

ကားမောင်းသူသည် ကားမှန်ကို ဖွင့်လိုက်ပြီး နီရဲနေသော မျက်နှာကြီးဖြင့် အော်ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ဆိုက်ကားဆရာကြီးကတော့ဖြင့် မည်သည့်စကားမှ ခွန်းတုံ့ပြန်ပြောဆိုခြင်းမပြုဘဲ မျက်နှာငယ်လေးဖြင့် သူ၏ဆိုက်ကားကိုသာ စိုက်ကြည့်နေလေ၏။

ကားမောင်းနေသူသည် တဖျစ်တောက်တောက်နှင့် ပြောဆိုလို့ အားရသွားသောအခါ ကားကိုပြန်လည်မောင်းနှင်သွား၏။ ထိုဖြစ်ရပ်ကို မျက်မြင်ကိုယ်တွေ့မြင်တွေ့နေရသူ ကိုတင်မောင်အဖို့ ဆိုက်ကားဆရာကြီး ဘာကြောင့် ယခုလို ငြိမ်နေရခြင်းဖြစ်သည်ကို သိလိုစိတ် ပြင်းပြလာ၏။ ထို့ကြောင့် ဆိုက်ကားဆရာကြီး၏ အရိပ်အခြည်ကိုကြည့်နေရင်းက ရန်ကင်း ၁၂ လမ်းအကျော်တွင် မေးလိုက်တော့၏။

"ဦးလေး စောစောက ကားမောင်းတဲ့သူက ဦးလေးကို ရစရာမရှိအောင် အပြစ်တင်ပြောဆိုနေတာကို ဘာလို့ ငြိမ်ခံခဲ့တာလဲ။ အမှန်တကယ်ဆို လမ်းမှားတာက သူလေ။ လမ်းချိုးကနေ လမ်းမကြီးပေါ်တက်တော့မယ်ဆိုရင် ဘေးဝဲယာကြည့်လို့ အရှိန်လျှော့ပြီးတက်ရမယ်ဆိုတာကိုလောက်တောင် သူက နားမလည်တော့တာလား။ တကယ်တမ်း ဇွတ်အတင်းမောင်းလာတာက သူလေ"

ကိုတင်မောင်၏ စကားများကို ဆိုက်ကားဆရာကြီးသည် စိတ်ရှည်လက်ရှည်နှင့် နားထောင်ပေးနေ၏။ ထိုသို့ နားထောင်ပေးနေခြင်းနှင့်အတူ သူ၏မျက်နှာပေါ်၌ အပြုံးတစ်ခုလည်း ထွက်ပေါ်လာပြန်၏။

"ဦးလေး မမှားဘူးဆိုတာ ဦးလေးကိုယ်တိုင်လဲ သိပါတယ် ငါ့တူရာ။ ဒီလိုပါပဲ ကားမောင်းတဲ့သူတွေက သူတို့ကိုယ်သူတို့ ကားစီးနိုင်တယ်ဆိုပြီး ဘဝင်လေဟပ်နေကြသူတွေက များတယ်။ အစောက အပြုအမူတွေက ငါ့တူအတွက် အထူးအဆန်းဖြစ်နေကောင်းဖြစ်နေလိမ့်မယ်။ ဦးလေးတို့အတွက်ကတော့ ဒါမျိုးတွေနဲ့ ခဏခဏ ကြုံဖူးနေပါပြီ။ ငါ့တူပြောသလို ဦးလေးက သူ့ကို ပြန်ပြောနေတော့ကော ဘာထူးမှာတဲ့လဲ။ နောက်ဆုံးတော့ ဦးလေးတို့လို ဆိုက်ကားသမားတွေကို နှိမ့်ချဆက်ဆံတဲ့စကားလုံးတွေနဲ့ ထိုးနှက်လာတာပဲ ဦးလေးတို့ ပြန်ရမှာလေ။ ဒီတော့ ဘာမှမပြောဘဲ ငြိမ်နေလိုက်တော့ ပြဿနာက ရှေ့မဆက်တော့တာပေါ့"

ဆိုက်ကားဆရာကြီး၏စကားကို ကြားသိပြီးနောက်တော့ ကိုတင်မောင်သည် အတန်ကြာအောင် စဉ်းစားနေလေတော့၏။

ကိုတင်မောင်အဖို့ စဉ်းစားချိန်မည်မျှထိကြာသွားခဲ့သည်မသိ။ ဆိုက်ကားဆရာကြီး၏ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည့် အသံကြောင့်သာ အတွေးမှ ပြန်လည်ရုန်းထွက်နိုင်ခဲ့၏။

"ငါ့တူ ရန်ကင်း ၁၄ လမ်းတော့ ရောက်ပြီ။ ငါ့တူနေတဲ့ အိမ်အမှတ် ဘယ်လောက်လဲ"

ရန်ကင်း ၁၄ လမ်းသို့ပင် ရောက်ရှိခဲ့လေပြီ ဖြစ်၏။ ကိုတင်မောင်သည် မိမိနေထိုင်သည့် အိမ်အမှတ်ကို ပြန်လည်ဖြေကြားပေးလိုက်ရင်း ဆိုက်ကားဆရာကြီး၏မျက်နှာကို သေချာစိုက်ကြည့်နေပြန်၏။ ဝေးလံသောခရီးတစ်ခုကို လူပိုတစ်ယောက်တင်ဆောင်ပြီး စီးနင်းလာမှုကြောင့် လူတစ်ကိုယ်လုံးလည်း ချွေးတရွှဲရွှဲနှင့် ရှိနေ၏။

"ရောက်ပြီဗျ။ ဒီအိမ်ပါပဲ"

"အင်းအင်း အိမ်ပေါက်ဝနားထိ လိုက်ပို့ပေးမယ်"

ဆိုက်ကားဆရာကြီးသည် သူ၏အလုပ်အပေါ် မေတ္တာထားပြီး လုပ်ဆောင်ပေးနေသည်ကို ကိုတင်မောင် အကဲခတ်မိနေ၏။ ကိုတင်မောင်သည် သူ၏ပိုက်ဆံအိတ်အတွင်းမှ တစ်ထောင်တန် ငါးရွက်ကို ထုတ်ယူပြီး ဆိုက်ကားဆရာကြီးအား ပေးလိုက်၏။

"ငါ့တူ ဦးလေးကို သုံးထောင်ပဲပေးရမှာလေ"

ဆိုက်ကားဆရာကြီးသည် သူ့လက်ထဲရောက်လာသည့် တစ်ထောင်တန်ငါးရွက်မှ နှစ်ရွက်ကို ကိုတင်မောင်ကို ပြန်ပေးနေ၏။

"ယူထားလိုက်ပါ ဦးလေး။ ဒီနှစ်ထောင်က ဦးလေးကို ကျွန်တော်သက်သက် ကန်တော့တာပါ"

"ဟေ ငါ့တူစကားက"

ဆိုက်ကားဆရာကြီးအဖို့ အထူးအဆန်းဖြစ်နေသည်မို့ ကိုတင်မောင်က ရှင်းပြပေးလိုက်၏။

"ဒီလိုပါ ဦးလေး။ ကျွန်တော်က ဦးလေးရဲ့ စိတ်ဓာတ်ခံယူချက်၊ ဦးလေးရဲ့ကိုယ့်အလုပ်အပေါ် စေတနာထားတဲ့အပြုအမူတွေကို မြင်တွေ့ရတော့ လေးစားစိတ်ဖြစ်တာနဲ့ ကန်တော့တာပါ"

"ဩော်. . . အဲလိုလား။ အေးပါကွယ် အေးပါ"

ဆိုက်ကားဆရာကြီးသည် မောပန်းနေသည့် ကြားမှာပင် အပြုံးတစ်ပွင့်ဖြင့် ကိုတင်မောင်ကို ပြန်လည်ညွှတ်ခံလိုက်သေး၏။ ထို့နောက် ဆိုက်ကားဆရာကြီးသည် ကိုတင်မောင်ကို ကျေးဇူးတင်စကားများ ပြောဆိုပြီး လက်ပြနှုတ်ဆက်ကာ ဆိုက်ကားကို နင်းပြီးလှည့်ထွက်သွားလေ၏။

(၃)

ညှော်ခန်းရှိ ထိုင်ခုံထက်မှာထိုင်ရင်း အမောဖြေနေ၏။ ဆိုက်ကားပေါ် ထိုင်ပြီး လိုက်လာခဲ့သည့် ကိုတင်မောင်က အနားယူနေချိန် ဆိုက်ကားသမားကတော့ မြို့ကိုပတ်နေရဦးမည်ထင်ပါ၏။

"ဟေး အဖေ ပြန်လာပြီ။ အဖေ သားဖို့ မုန့်ပါလား"

အခန်းတွင်းမှ ပြေးထွက်လာသည့် ကလေးတစ်ဦးက မေးမြန်းလိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပဲ နောက်မှလိုက်ပါလာခဲ့သည့် ကိုတင်မောင်၏ဇနီးက သောက်ရေခွက်ကိုယူလာ၏။

"သားရယ် မင်းအဖေက မောလာတာလေ။ အဖေ့ကို အမောဖြေပါစေအုံး"

"အေးကလဲကွာ ကလေးပဲပြောပါစေ။ ခေါက်ဆွဲကြော်တစ်ဘူး ဝယ်လာတယ်။ အဲဒါ အေးတို့သားအမိစားလိုက်လေ"

"ဟင် မောင်က မစားတော့ဘူးလား။ ဘာလဲ ရုံးက စာရေးမလေးတွေနဲ့ အတူစားလာခဲ့တယ်ပေါ့လေ"

နှုတ်ခမ်းစူပြီးပြောလိုက်သည့် ဇနီးဖြစ်သူ မအေးခိုင်၏စကားကြောင့် ကိုတင်မောင်မှာ ပြန်၍ရှင်းပြရတော့သည်။

"မဟုတ်ပါဘူးအေးရာ။ မောင်က မဆာသေးလို့ပါ။ အလုပ်က ပင်ပန်းတာနဲ့ စိတ်တွေရှုပ်နေတာကြောင့်ပါ။ မောင် ခဏနားပါရစေကွာ"

ခေါက်ဆွဲကြော်ဘူးကိုယူပြီး ထသွားသည့် ဇနီးဖြစ်သူကိုကြည့်ပြီး ကိုတင်မောင်၏စိတ်ထဲတွင် အတွေးတစ်ခုဝင်လာပြန်၏။ ဇနီးမယားတစ်ယောက်သည် လင်ယောက်ျားအပေါ် သိတတ်မှုကတစ်ဝက်နှင့် သဝန်တိုမှုကတစ်ဝက်ဟု သိလိုက်ရသည်။ ထို့ကြောင့် စိတ်ထဲမှတီးတိုး ပြောဆိုနေမိတော့သည်။

"ဩော်. . . မိန်းမတွေဆိုတာ ဒီလိုပါပဲလား။ အူတိုမျိုးဆိုသလို နေရာတကာ အူတိုနေတော့တာပါပဲလေ"

(၄)

ညအချိန် အိပ်ရာထက်မှာ မှေးခနဲအိပ်ပျော်သွားရင်း ဆူညံသံများကို အလန့်တကြား ကြားလိုက်ရသည်။ အိပ်ရာဘေးမှ လက်နှိပ်ဓာတ်မီးကို ယူဆောင်ရင်း အသံလာရာဆီသို့ ကြည့်လိုက်ရာ။

"သူခိုးဗျို့ သူခိုး သူခိုး"

လမ်းမီးတိုင်များအောက် လူအုပ်တစ်စုက ဖြာသံပေး၍ ပြေးနေကြ၏။ ရှေ့မှ လူတစ်ဦးက အထုပ်တစ်ထုပ်ကို ပိုက်ပြီးပြေးနေသည်။ သူတစ်ပါး ပစ္စည်းကို ခိုးယူပြီး လူမိသွား၍ ကြောက်လန့်တကြား ထွက်ပြေးနေခြင်းပင်။ ကိုတင်မောင်သည် ထိုသူများ ပြေးလာနေကြသည်မို့ အမှောင်ရိပ်ထဲမှ စောင့်နေလိုက်သည်။ ထို့နောက် ရှေ့ဆုံးမှ သူခိုးဟု ယူဆရသူကို အမိအရဖမ်းပြီး ချုပ်နှောင်လိုက်သည်။ သူခိုးမှာ အတင်းရုန်းကန်နေသေး၏။ သို့သော် ကပ်လျက်လိုက်ပါလာခဲ့သော လူအုပ်တစ်စုကြောင့် သူခိုးဆိုသူကို ဖမ်းဆီးနိုင်ခဲ့သည်။

"ကျေးဇူးပဲ ကိုတင်မောင်ရေ။ ဒီကောင် ဦးသာမြအိမ်မှာ ဝင်ခိုးနေတာတွေ့လို့"

သူခိုးဆီမှ အထုပ်ကို စစ်ဆေးကြည့်လိုက်ရာ အဝတ်အစားတချို့ကို တွေ့ရ၏။ ထိုအထဲတွင် ဦးသာမြအမြဲဝတ်နေသည့် ဂျာကင်အင်္ကျီပါသလို ထဘီနှစ်ထည်လည်းပါ၏။ သေချာပါသည် သူခိုးမှာ အိမ်အပြင် အဝတ်တန်းတွင် လှမ်းထားသည့် အဝတ်အစားများကို ခိုးယူလာခဲ့ခြင်းဖြစ်ပေမည်။ ရွှေထုပ်ကြီးမဟုတ်သော်လည်း အဝတ်ထုပ်က သူခိုးအတွက် အကျိုးရှိမည်ထင်ပါသည်။ တန်ဖိုးမများသော အဝတ်အစား သုံးလေးထည်ကို ခိုးယူလာခဲ့ခြင်းဖြင့် သူခိုး၏ ဘဝအခြေအနေမှာ အင်မတန်မှ ကျပ်တည်းရပေမည်ဟု ကိုတင်မောင် တွေးနေမိသည်။

"ဟာ ကြာတယ်။ ဒီသူခိုးကို မှတ်လောက်အောင် ပညာပေးရမယ်။ ထုကွာ ရိုက်ကွာ"

လူအုပ်ထဲမှ လူတစ်ဦးက အော်ပြောလိုက်ပြီး သူခိုးကို ဝိုင်းပြီးထုရိုက်ကြတော့၏။ လူပုံအလယ်၌ မချိမဆံ့ခံစားနေရသည့် သူခိုးကိုကြည့်ပြီး ကိုတင်မောင်မှာ ကြားထဲမှ ဝင်ထိန်းပေးလိုက်ရသည်။

စာမျက်နှာ ၂၅သို့ ➤

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၂၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၂၇ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၆၉၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကုလားပဲဧက ၆၉၈၀ စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ၆၉၂၇ ဧက စိုက်ပြီးပါပြီ။ ဒီနှစ် ဆောင်းကုလားပဲလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ ကုလားပဲ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်း တဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ် အလိုက် ကုလားပဲစိုက်ပျိုးပြီးစီးမှု အနေဖြင့် ကောလင်းမြို့နယ်တွင် ၆၉၀၂ ဧကနှင့် ဝန်းသိုမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ၆၉၂၇ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၉၃၁ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၄ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၁၅ ဧက စုစုပေါင်း ဧက ၆၉၈၀ ဖြစ်ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းထံမှ သိရသည်။ (၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

"တော်ကြပါတော့ဗျာ။ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်ပါ့မယ်။ ကျွန်တော်တို့ ဥပဒေအတိုင်း ဆောင်ရွက်ကြတာပေါ့"

(၅)

သူခိုးကို သက်ဆိုင်ရာသို့ အပ်နှံပေးပြီးနောက် အိမ်ပြန်လာခဲ့ကြသည်။ သည်နေ့အဖို့ ကိုတင်မောင် ကြုံတွေ့လိုက်ရသည်မှာ ဆိုက်ကားသမား၊ ကားမောင်းသူ၊ အိမ်ကဇနီးမယား၏ သဝန်တိုမှု၊ သူခိုးဆိုသူ၏ အဖြစ်များပင်။ ဤသည်မှာ လူမှုနယ်ပယ်တွင် ရံဖန်ရံခါကြုံတွေ့တတ်မှုများ ဖြစ်လေသည်။ သို့ရာတွင် သူကဏ္ဍနှင့်သူ ကွဲပြားစွာရှိနေကြ၏။ ဆိုက်ကားသမားသည် ဆိုက်ကားနင်းသည့်အလုပ်ကို လုပ်ကိုင်ခြင်းဖြင့် ဆိုက်ကားနင်းနေရသူတစ်ယောက်၏ စိတ်နေသဘောထားများကိုလည်း ထင်ဟပ်နေစေသည်။ ဘဝပေးအခြေအနေအရ ပင်ပန်းဆင်းရဲကြီးစွာ ရှိနေရသည့်အလျောက် မာန်မာနများကိုလည်း ထိုက်သင့်သလောက် စတေးထားကြရပေသည်။ ထိုသို့မဟုတ်က မိမိလုပ်ကိုင်သော ဆိုက်ကားနင်းခြင်းလုပ်ငန်းမှာ အဆင်ပြေနိုင်မည်မဟုတ်။ တစ်ဖန် ကားမောင်းနေသူများကလည်း လူသူများဖြင့် ရှုပ်ထွေးသောလမ်းမထက်၌ ငါက ကားစီးနေတာပဲဟု တလွဲမာနများထား၍ ပြောဆိုဆက်ဆံရာမှစ၍ ခက်ထန်မာကျောနေ၏။ ဤသည်မှာ ကားမောင်းသူအားလုံးတိုင်း မဟုတ်သော်လည်း အများစုက ထိုသို့ ဖြစ်နေကြ၏။ ကိုတင်မောင်၏ ဇနီးက ဇနီးမယားပီပီ သဝန်တိုစိတ်ကို ဖော်ကျူးပြနေသည်မှာလည်း လောက၏ သဘောသဘာဝတစ်ခုဖြစ်ပေသည်။ ချစ်ခြင်းမေတ္တာကို အခြေခံ၍ ကြင်နာမှုပေးစွမ်းသော်လည်း အချစ်ကိုဝေမျှမစားနိုင်ဆိုသည့် သဝန်တိုစိတ်ကလည်း အထင်းသားပေါ်လွင်စေ၏။ ဖြစ်ချင်တာဖြစ်ဆိုပြီး သေမထူးနေမထူးဘဝဖြင့် မကောင်းမှုကိုပြုနေသော သူခိုးဆိုသူကလည်း လောက၏အကောင်းနှင့်အဆိုးကဏ္ဍကို အချိုးကျအောင် ဝင်ရောက်ဖြည့်စွက်နေသည်။ ဘုရားမကြိုက် အများမကြိုက်သည့် အလုပ်ကိုပြုလုပ်ခြင်းဖြင့် တစ်နပ်စာမျှစားဝတ်နေရေးအတွက် အန္တရာယ်နှင့် နပန်းလုံးနေရသည်။

(၆)

ကိုတင်မောင်သည် အိပ်ရာထက်မှာ လူးလွန့်ရင်း ဟိုတွေးသည်တွေး ဖြစ်ကာ အိပ်မပျော်နိုင်တော့။ ဇနီးဖြစ်သူမအေးခိုင်နှင့်သားဖြစ်သူမှာ တခေါခေါနှင့် အိပ်မောကျနေသည်။ အိပ်မပျော်သည့်အဆုံး အိပ်ရာမှထ၍ ဆေးလိပ်တိုကို မီးညှိလိုက်ပြီး မီးခိုးငွေ့များကို မှုတ်ထုတ်နေလိုက်၏။ ထို့နောက် စာအုပ်တစ်အုပ်နှင့်ဘောပင်တစ်ချောင်းကိုယူပြီး စာရေးစားပွဲ၌ ထိုင်လိုက်သည်။

ကျွန်တော်၏ တစ်နေ့တာကြုံတွေ့မှုမှ သင်ခန်းစာယူစရာများဆိုသည့် ခေါင်းစဉ်ဖြင့် စိတ်ထဲရှိသမျှကို ချရေးလိုက်သည်။ "ငါ ဆိုက်ကားသမားနဲ့ ကြုံခဲ့တယ်။ သေချာဆန်းစစ်ကြည့်တော့ သူက ငါတို့တွေနဲ့ မတူညီတာတွေ အနည်းနဲ့အများ ရှိနေတာပဲ။ ဆိုက်ကားခလေး ရမဲ့အရေးခရီးဝေးထိ ကြိုးစားပမ်းစားနင်းပေးနေတယ်။ တစ်ဖန် ပတ်ဝန်းကျင်က လူအများနဲ့ ဆက်ဆံရာမှာ သူ့စိတ်ကအရှုံးပေးခြင်းဘက်ကို ဦးတည်နေပြန်တယ်။ ငါ ကားမောင်းနေသူနဲ့တွေ့ခဲ့တယ်။ သူကလဲ သာမန်လူတွေထက် မာနတွေခက်ထန်နေပြီး စိတ်ကြီးဝင်နေသူတစ်ယောက်ဖြစ်တယ်။ ငါ ပြောရင် ပြောသလိုဖြစ်တယ်။ သူတို့ ဘာခံနိုင်တာမှတ်လို့ဆိုပြီး တစ်ဖက်သားအပေါ် နိုင်ထက်စီးနင်း ပြုမူတတ်တယ်။ ငါ ဒီနေ့ အေးရဲ့ သဝန်တိုမှုကိုခံလိုက်ရတယ်။ ဒါကလဲ မိန်းမသားတွေရဲ့ အူတိုမှုဓလေ့စရိုက်ကို လက်တွေ့ကျကျ ငါသိလိုက်ရတာပဲ။ သူ ငါ့ကို ချစ်လို့ သဝန်တိုတာပဲ။ ငါ့ကြောင့် သူ့ရင်ထဲမှာ အနည်းနဲ့အများတော့ ခံစားနေရမှာပဲ။ ငါ သူခိုးတစ်ယောက်ကို ဖမ်းပေးနိုင်ခဲ့တယ်။သူ ဘာလို့ ဒီလိုလုပ်တာလဲ။ ပိုက်ဆံလိုလို့လား။ ငါသာဆိုရင်ကော ဒီလိုလုပ်ဖြစ်မှာလား။ ဒါဟာ မကောင်းမှုမှန်းတော့ သူသိလောက်ပါရဲ့။ သိလျက်နဲ့လုပ်တာဆိုတော့ မိုက်ရူးရဲဆန်တာပေါ့။ သူ့ကို ဖမ်းမိသွားတော့ ကြောက်လန့်တကြားဖြစ်နေတယ်။ သူတို့တွေနဲ့ပတ်သက်ပြီး ငါ သင်ခန်းစာ ယူထားရမယ်။ လောကမှာ အရာရာတိုင်းက ငါ့စိတ် ငါ့အပြုအမူနဲ့ ထပ်တူမကျနိုင်ဘူး။ စိတ်သဘောထားတွေ ကွဲလွဲသလို အပြုအမူတွေလဲ ကွဲလွဲတတ်ကြတယ်။ အဲဒီတော့ ဒါတွေ ငါသိထားမှ သူတို့တွေနဲ့ တွေ့ကြုံဆက်ဆံလာရတဲ့အခါ အဆင်ပြေနိုင်မယ်။ ငါ့ဘဝအတွက်လဲ အကျိုးရှိနိုင်မယ်"

(၇)

ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို ကြားရ၍ နာရီကိုမော့ကြည့်လိုက်မိသည်။ အချိန်မှာ နောက်တစ်နေ့သို့ပင် ကူးပြောင်းလာခဲ့လေပြီ။ မကြာမီ လင်းကြက်တွန်သံများကို ကြားရတော့မည်။ တာဝန်မပျက် ဝတ္တရားမပျက်သည့် တွန်သံဖြင့် လူသားများကို အချက်ပေးတော့မည်ပင်။ ထို့နောက် နေမင်းကြီးထွက်လာမည်။ သတ္တဝါအားလုံးက သူ့ကဏ္ဍနှင့်သူ တစ်နေ့တာ လှုပ်ရှားကြတော့မည်။ သည်အချိန်ဆို ဆိုက်ကားသမားမှာ အိပ်မောကျနေဦးမည် ထင်ပါသည်။ ကားမောင်းသူကလည်း အရက်ဘီယာအရှိန်ဖြင့် အိပ်ရာထက်မှာ ဇိမ်ခံနေမည်ထင်ပါ၏။ မိမိ၏လင်ယောကျ်ားအပေါ် အူတိုတတ်သည့် ဇနီးဖြစ်သူ မအေးခိုင်ကဖြင့် ရွှေ့လျှောက် မိန်းမသားပီပီ သဝန်တိုနိုင်ရေးအတွက် အားမွေးနေခြင်း ထင်သည်။ အိပ်ရာထက်မှာ တခေါခေါ အသံများပင်ထွက်အောင် အိပ်ပျော်နေ၏။ မကောင်းမှုပြုလုပ်၍ အချုပ်ထဲရောက်နေရသော သူခိုးမှာ သည်အချိန်ဆိုမှက်၊ ခြင်များနှင့် တိုက်ပွဲဝင်နေရတော့မည်။ မိမိသည်လည်း ထုံးစံအတိုင်း မိသားစု၏စားဝတ်နေရေး အတွက် လှုပ်ရှားသွားလာရင်း အလုပ်များကို ကြိုးစားလုပ်ဆောင်ရပေဦးမည်။

အိပ်ပျော်နေသည့် ဇနီးဖြစ်သူ မအေးခိုင်တို့သားအမိကို ကြည့်ပြီး ကိုတင်မောင်တစ်ယောက် ပြုံးနေမိတော့၏။ ထိုအပြုံးသည် ကိုတင်မောင်၏ ကြုံဆုံခဲ့ရသူများအပေါ် နားလည်လက်ခံပေးရာမှ ကျေနပ်သည့်စိတ်ကြောင့် ဖြစ်ပေါ်လာသော အပြုံးဖြစ်ပေသည်။

---

## လမ်းခင်းသူ

- လူအများတွက်၊
  သွားလာဖြတ်ကူး၊ လမ်းဖြောင့်ဖြူးဖို့
  မူး မြောင်း တွေ့လျှင်၊ တံတားဆင်သည်
  လူတွင်လုပ်ရပ် မွန်အမြတ်။

- လူအများတွက်၊
  သွားလာလမ်းကြောင်း၊ ချိန်မနှောင်းဖို့
  မြစ်ချောင်းတွေ့လျှင်၊ တံတားတင်သည်
  လူတွင်လုပ်ရပ် မွန်အမြတ်။

- တံတားဆောက်သူ၊ ထိုထိုလူတို့
  ကြည်ဖြူစင်စစ်၊ အများချစ်လျက်
  တွင်ရစ်သမိုင်း သွင်္ဂုဏ်လှိုင်း။

- တံတားဖျက်သူ၊ ထိုထိုလူကား
  မည်သူဖြစ်ဖြစ်၊ ဒေါသပြစ်နှင့်
  ညစ်မြူအမှိုက် ဒုစရိုက်။

- သုမေဓာဟု၊
  လောင်းလျာနုစဉ်၊ ဘဝတွင်တည့်
  ဒီပင်္ကရာ၊ လှမ်းကြွလာခိုက်
  သဒ္ဒါပူဇ၊ ကြာခိုင်လှဖြင့်
  မြတ်စွခြေရင်း၊ ဦးဆံခင်းလျက်
  တစ်စင်းတံတား၊ ခန္ဓာလျားကာ
  ဘုရားဆုပန်၊ အောင်ကြောင်းမှန်သည်
  နိဗ္ဗာန်လမ်းဖောက်ခြင်းပါတကား။ ။

**ချစ်စုအောင်**

---

# ပေါက်ခေါင်းမြို့နယ် ကျွဲပေါင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွဲပေါင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျွဲပေါင်ပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျွဲပေါင်ပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကိုငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ဥရောပဒေသအတွင်းတင်းမာမှုများမြင့်တက်စေမည့် NATO ၏အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှု



NATO အဖွဲ့အနေဖြင့် ယူကရိန်းပဋိပက္ခတွင် ရုရှားအပေါ်ထားရှိသည့် သဘောထားကို ရှင်းရှင်းလင်းလင်းပေါ်ပေါက်စေပြီး ပဋိပက္ခ၌ ယူကရိန်းတို့ အရေးနိမ့်နိုင်သည့် အခြေအနေဖြစ်ပေါ်ချိန်တွင် NATO အဖွဲ့အတွက် အကျပ်အတည်းတစ်ခုကို ရင်ဆိုင်လာရသည်။ ထိုသို့ အကျပ်အတည်းဖြစ်ပေါ်နေချိန်တွင် NATO အဖွဲ့သည် ၎င်း၏ အကြီးဆုံးစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

**လေ့ကျင့်မှုရည်ရွယ်ချက်**

ယူကရိန်းပဋိပက္ခဖြစ်ပေါ်မှုက ရုရှားကို NATO ၏ ထင်ရှားသည့်လုပ်ဖော်ကိုင်ဖက်အဖြစ်မှ ဥရောပ-အတ္တလန္တိတ်နယ်မြေသို့ တိုက်ရိုက်ခြိမ်းခြောက်မှုအဖြစ်ပြောင်းလဲသတ်မှတ်စေသည်။ ယခုပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုသည် ပစ်မှတ်များကို ဖော်ပြထားပြီး ဦးတည်ချက်များသည်လည်း ရှင်းလင်းလျက်ရှိသည်။ ထို့ပြင် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဥရောပဒေသအတွက် နယ်မြေဖြတ်ကျော်သည့် မဟာမိတ်များနှင့်စည်းလုံးညီညွတ်စေရန် အရေးကြီးသည့် ဒေါက်တိုင်တစ်ခုဖြစ်သည်။ NATO ၏ရည်မှန်းချက်မှာ ရုရှား၏ခြိမ်းခြောက်မှုကို ဆက်လက်ပုံဖော်ရန်ဖြစ်သည်။ ထို့ပြင် ရုရှားဆန့်ကျင်ရေးမူဝါဒများအတွက် ဥရောပနိုင်ငံသားများထံမှ ထောက်ခံမှုရယူကာ ရုရှားအပေါ်ကာကွယ်ရေးအသုံးစရိတ်နှင့် စီးပွားရေးဖိအားပေးမှုများကို လုပ်ဆောင်ရန်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ယုံကြည်ထားသည်။

NATO သည် ၎င်း၏ကြီးမားသော Steadfast Defender 2024 စစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး လေးလကျော်ကြာမြင့်မည့် လေ့ကျင့်မှုကို မေလကုန်ထိ ပြုလုပ်မည်ဖြစ်သည်။ ဇန်နဝါရီလ နှောင်းပိုင်းတွင် အမေရိကန်ရေတပ် ကမ်းတက်ရေယာဉ် Gunston Hall အပါအဝင် မြောက်အမေရိကမှ လက်နက်နှင့် ပစ္စည်းကိရိယာများ ဥရောပသို့ ထောက်ပံ့ရေးသင်္ဘောဖြင့် စတင်ခဲ့ပြီး နောက်တွင် ကနေဒါနိုင်ငံမှ Charlottetown ထောက်ပံ့ရေးရေယာဉ်တို့သည် Halifax၊ Nova မှ စတင်ထွက်ခွာလာခဲ့သည်။ စစ်ရေးလေ့ကျင့်မှုကို နှစ်ပိုင်းခွဲပြုလုပ်မည်ဖြစ်ကာ ပထမပိုင်းသည် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၅ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး အဓိကအားဖြင့် ရေတပ်လေ့ကျင့်မှုများ ပါဝင်သည်။ ဒုတိယပိုင်းသည် ဖေဖော်ဝါရီ ၁၂ ရက်မှ မေ ၃၁ ရက်ထိ မြေပြင်၊ ရေပြင်၊ ဝေဟင်၊ အာကာသနှင့် ဆိုက်ဘာနယ်ပယ်စသည့်တို့တွင် မဟာမိတ်အဖွဲ့၏ ဘက်စုံသရုပ်ပြမှုဖြင့် စတင်မည်ဖြစ်သည်။

**ပါဝင်သည့်တပ်ဖွဲ့ဝင်**

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် NATO နိုင်ငံပေါင်း ၃၁ နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၉၀၀၀၀ ခန့် ပါဝင်သည်။ အတ္တလန္တိတ်ဖြတ်ကျော်လေ့ကျင့်မှုဖြစ်ပြီး စစ်အေးတိုက်ပွဲပြီးဆုံးကတည်းက အကြီးဆုံး NATO စစ်ရေးလေ့ကျင့်မှုဖြစ်သည်။ စစ်လက်နက်ပစ္စည်းများတွင် တိုက်ခိုက်ရေးယာဉ် ၁၁၀၀ ကျော်ပါဝင်ပြီး ၎င်းတွင် တင့်ကားအစီးရေ ၁၅၀ နှင့် ခြေလျင်တိုက်ခိုက်ရေးယာဉ် အစီးရေ ၉၀၀ ကျော်၊ သံချပ်ကာလူသယ်ယာဉ် ထောက်ပံ့ရေးပစ္စည်းများပါဝင်သည်။ ဝေဟင်လေ့ကျင့်မှုတွင် F-15၊ F/A-18 နှင့် F-35 တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ဒရုန်းများအမြောက်အမြားပါရှိပြီး လေယာဉ် ၈၀ ပါရှိသည်။ ပင်လယ်ပြင်လေ့ကျင့်မှုတွင် လေယာဉ်တင်သင်္ဘောများမှ ဖျက်သင်္ဘောများ၊ ဖရီးဂိတ်စစ်ရေယာဉ်များနှင့် ကော်ဗက်စစ်ရေယာဉ်များထိ စစ်ရေယာဉ် ၅၀ ကျော် ပါဝင်သည်။ ၎င်းမတိုင်မီ ၂၀၁၈ ခုနှစ်ကပြုလုပ်ခဲ့သည့် Trident Juncture 2018 လေ့ကျင့်မှုသည် တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့်ပါဝင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်များကတည်းက အနောက်အုပ်စုသည် ထိုသို့သော အတိုင်းအတာဖြင့် စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ် Reforger လေ့ကျင့်မှုတွင် အမေရိကန်၊ အနောက်ဂျာမနီ၊ ကနေဒါ၊ ပြင်သစ်နှင့် ဒိန်းမတ် တပ်ဖွဲ့ဝင်ပေါင်း ၁၂၅၀၀၀ ခန့် ပါဝင်ခဲ့ပြီး အကြီးဆုံးဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကတည်းက အနောက်နိုင်ငံများ၏ မဟာမိတ်များက ဥရောပဒေသအတွင်း မြေပြင်လေ့ကျင့်မှုဖြစ်သည်။ ၁၉၈၈ ခုနှစ်ကတည်းက NATO မဟာမိတ်အဖွဲ့သည် အရှေ့ဘက်သို့ ကီလိုမီတာ ၁၀၀၀ မှ ၁၅၀၀ ထိ ချဲ့ထွင်ကာ နိုင်ငံသစ် ၁၆ နိုင်ငံကို မဟာမိတ်အဖွဲ့ထဲသို့ ပေါင်းစည်းခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ် ဘူခါရက်စ် ထိပ်သီးအစည်းအဝေးနှင့် ၂၀၁၄ ခုနှစ် ကရိုင်းမီးယားပဋိပက္ခအပြီးတွင် ကြားနေယူကရိန်းကို NATO နှင့် ပေါင်းစည်းရန် မဟာမိတ်အဖွဲ့၏ တွန်းအားပေးမှုသည် ရုရှားနှင့် တင်းမာမှုများ တိုးမြင့်လာမှု၏ နောက်ကွယ်မှ အဓိကအချက်များထဲမှ တစ်ခုဖြစ်လာသည်။ ထိုတင်းမာမှုများသည် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားချိန်တွင် NATO အဖွဲ့က စစ်လက်နက်ပစ္စည်းမျိုးစုံထောက်ပံ့၍ ကိုယ်စားစစ်ပုံစံဆင်နွှဲလာခြင်းကြောင့် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်။

**လေ့ကျင့်မှုပြုလုပ်သည့်နေရာ**

ယခုပြုလုပ်လျက်ရှိသော ခံစစ်လေ့ကျင့်မှုများသည် အတ္တလန္တိတ်နှင့် အာတိတ်သမုဒ္ဒရာများရှိ ရေကြောင်းအင်အားဖြည့်ရေး လေ့ကျင့်မှုမှသည် နော်ဒစ်နိုင်ငံများတွင် တပ်ဖြန့်ချထားခြင်းထိ စတုရန်းကီလိုမီတာထောင်နှင့်ချီကျယ်ဝန်းသော ဒေသအများအပြားတွင် ပြုလုပ်နေခြင်းဖြစ်သည်။ ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေ၊ ဘောလ်တစ် သုံးနိုင်ငံများဖြစ်သော အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူရေးနီးယား၊ ပိုလန်၊ ဟန်ဂေရီနှင့် ရိုမေးနီးယား၊ ဂျာမနီ၊ ဂရိ၊ စလိုဗက်ကီးယားနှင့် ဗြိတိန်တို့တွင်ပြုလုပ်ခြင်းဖြစ်သည်။ လစ်သူရေးနီးယားနိုင်ငံ၊ Vilnius တွင်ကျင်းပခဲ့သည့် NATO ထိပ်သီးအစည်းအဝေးတွင် နောက်ဆုံးတိုက်ပွဲအစီအစဉ်များကို ရေးဆွဲထားပြီး စစ်ရေးလေ့ကျင့်မှုအတွက် နှစ်ပေါင်းများစွာ ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်ဟု NATO က ပြောကြားခဲ့သည်။

**ရုရှားနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များ၏ တုံ့ပြန်မှု**

မဟာမိတ်အဖွဲ့သည် NATO ပဋိညာဉ်စာတမ်း၏ အပိုဒ် (၅) နှင့်အညီ ကြီးမားသောစစ်ပွဲကို စတင်စေနိုင်သည့် မဟာမိတ်တစ်ဦးကို တိုက်ခိုက်သော စိတ်ကူးယဉ်ပုံဖော်ထားသည့်ဖြစ်စဉ်ကို အသုံးပြုနေသည်ဟု မဟာမိတ်အဖွဲ့က ပြောကြားခဲ့သည်။ NATO လေ့ကျင့်မှုသည် မည်သည့်နိုင်ငံကိုမျှ ဦးတည်ခြင်းမဟုတ်ဟုဆိုသည်။ သို့သော် NATO စစ်ရေးကော်မတီ ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး Rob Bauer သည် ပြီးခဲ့သည့်လက စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်အမှန်ကို ဖွင့်ချပြောပြလာခဲ့သည်။ ၎င်း၏ ပြောကြားချက်များသည် မကြာသေးမီက NATO နိုင်ငံ အရာရှိများထုတ်ပြန်ချက်များနှင့် ထပ်တူကျခဲ့သည်။

ရုရှားသံမှူးတရုံးက ယခု Steadfast Defender 2024 လေ့ကျင့်မှု ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ထင်ယောင်ထင်မှားမရှိကြောင်း၊ ဤလေ့ကျင့်မှုသည် စစ်အေးခေတ်နောက်ပိုင်း မကြုံစဖူးဖြစ်ပြီး မည်သူက ဤလေ့ကျင့်မှုကိုပြုလုပ်သည်ဟူသော အချက်ကို ဖုံးကွယ်ထားခြင်းမရှိကြောင်း လေ့ကျင့်မှု၏ ပထမအဆင့် စတင်ချိန်တွင် ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ တရားဝင်အင်္ဂလိပ်ဘာသာသတင်းဝက်ဘ်ဆိုက်ဖြစ်သော China Military Online ကလည်း NATO လေ့ကျင့်မှုများကို စစ်အေးတိုက်ပွဲထပ်မံထိပ်တိုက်တွေ့ခြင်းအဖြစ် ဖော်ပြပြီး NATO သည် ၎င်း၏ ပြည်သူလူထုကို ရုရှားနှင့် ပဋိပက္ခသည်ရှောင်လွှဲ၍မရဟူသော ဝါဒဖြန့်စစ်ပွဲဆင်နွှဲနေသည်ဟုစွပ်စွဲထားသည်။ ရလဒ်များတွင် NATO ၏အာရှ-ပစိဖိတ်ဒေသသို့ ချဲ့ထွင်ရန် ကြိုးပမ်းမှုမှပံ့ပိုးပေးသောကမ္ဘာလုံးဆိုင်ရာတင်းမာမှုများ အရှိန်မြင့်လာခြင်းဖြင့် ဥရောပတွင် တင်းမာမှုများ နောက်ထပ်တိုးလာခြင်းပါဝင်သည်။

NATO စစ်ရေးလေ့ကျင့်မှုတွင် ယခင်ကပြုလုပ်ခဲ့သည့်အတိုင်း ရုရှားတပ်မတော်သည် ဗြိဟ်တု၊ ဆိုက်ဘာနှင့်လူသားထောက်လှမ်းရေးမှရေဒါ၊ ဝေဟင်၊ သင်္ဘောနှင့် မြေပြင်အခြေစိုက်စောင့်ကြည့်ရေးထိ ကိရိယာတန်ဆာပလာများကို အသုံးပြု၍ NATO စစ်ရေးလေ့ကျင့်မှုကို အနီးကပ်စောင့်ကြည့်မည်ဖြစ်သည်။ အဓိကအားဖြင့် စစ်ရေးလေ့ကျင့်မှုသည် ကာလီနင်ဂရက်၊ အရှေ့မြောက်ပိုင်း ဘောလ်တစ်ပင်လယ်၊ ဖင်လန်နယ်စပ်နှင့် အာတိတ်ဒေသတို့ရှိ ရုရှားနယ်စပ်အနီးသို့ ချဉ်းကပ်သည့်အချိန်များတွင်ဖြစ်သည်။

**သက်ရောက်မှု**

ပိုလန်နိုင်ငံနှင့် ဘောလ်တစ် သုံးနိုင်ငံအတွင်း NATO တုံ့ပြန်ရေးတပ်ဖွဲ့ဖြန့်ကြက်မှုအပေါ် အလေးပေးထားသည့် လေ့ကျင့်မှုဒုတိယအဆင့်သည် ရုရှား၏ တိုက်ခိုက်မှုအန္တရာယ်ကိုအမြင့်ဆုံးဖြစ်စေသည်။ ဥရောပလုံခြုံရေးမူဝါဒများ၏ ရည်မှန်းချက်သည်လည်း စည်းမျဉ်းအခြေပြုနိုင်ငံတကာအခင်းအကျင်းကို ထိန်းသိမ်းခြင်းမှ ပဋိပက္ခနှင့် အဓိကအင်အားကြီးနိုင်ငံများ၏ ခြိမ်းခြောက်မှုကို ဖြေရှင်းရေးဆီသို့ ပြောင်းလဲခဲ့သည်။ ထို့အတူ ၎င်းတို့၏ မဟာဗျူဟာရည်မှန်းချက်သည်လည်း စီးပွားရေးနှင့်သံတမန်ရေးအစီအစဉ်များမှ လုံခြုံရေးကိစ္စရပ်များထိ ပြောင်းလဲခဲ့သည်။ စစ်ရေးနည်းလမ်းနှင့်သံတမန်ရေးနှင့် စီးပွားရေးဆိုင်ရာ ဖြေရှင်းချက်များကြား အင်အားမျှခြေမူဝါဒတစ်ခုကို စတင်စေသည်။

ဤ NATO လေ့ကျင့်မှုက ဥရောပအတွင်း တင်းမာမှုများ ပိုမိုတိုးမြင့်လာမည်ဟု တရုတ်စစ်ဘက်ဝါရင့်သုတေသီဝမ်ကျင်ကူက ပြောကြားခဲ့သည်။ NATO သည် ရုရှားကို အကြီးစားစစ်ရေးလေ့ကျင့်မှုများပြုလုပ်၍ နှိုးဆော်ဖိအားပေးကာ ကမ္ဘာတစ်ဝန်းထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်စေသည်ဟုဆိုသည်။ NATO အဖွဲ့ကို အရှေ့ဘက်သို့ ချဲ့ထွင်မှုသည် ရုရှား-ယူကရိန်း ပဋိပက္ခစတင်စေခဲ့ပြီး ၎င်းပဋိပက္ခက မဟာအင်အားကြီး ပြိုင်ဆိုင်မှုကိုမြှင့်တင်ရန် အမေရိကန်အတွက် လက်သုံးကိရိယာတစ်ခုဖြစ်သည်ကို ပြသနေသည်။

မဟာဗျူဟာနှင့်လုပ်ဆောင်မှုပိုင်းတွင် NATO အဖွဲ့သည် အမေရိကန်၏ဦးဆောင်မှုကို လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဇွန်လကထုတ်ပြန်ခဲ့သော မဟာဗျူဟာမြောက်မူဝါဒသဘောထားစာစောင်တွင် NATO ၏ ပြင်ပချဲ့ထွင်မှုနှင့် ထိုးစစ်သွင်ပြင်များကို ပြသလျက်ရှိသည်။ ယခုအခါ NATO အဖွဲ့သည် ဒေသတွင်း အုပ်စုဖွဲ့ထိပ်တိုက်ရင်ဆိုင်မှုကို လုပ်ဆောင်ပြီး ဒေသဆိုင်ရာလုံခြုံရေးကို ခြိမ်းခြောက်လာနေသည်။

ခြုံ၍ဆိုရလျှင် ဥရောပဒေသအတွင်း ရုရှား-ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားကတည်းကရုရှားနှင့် NATO အဖွဲ့၏ ဆက်ဆံရေးတင်းမာခဲ့သည်။ သို့ဖြစ်၍ NATO အဖွဲ့၏ Steadfast Defender 2024 လေ့ကျင့်မှုသည် ဥရောပဒေသတွင်းတင်းမာမှုကို မြင့်တက်စေရုံသာမက ကမ္ဘာ့တည်ငြိမ်မှုနှင့်လုံခြုံမှုကို ပါ စိန်ခေါ်မှုဖြစ်စေမည်ဖြစ်ကြောင်း သုံးသပ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **Steadfast Defender 2024: Key Facts About NATO's Largest Drills Since 1988, Sputnik, February 2, 2024**
- **NATO, a virtual system challenge to world peace and security, China Military Online, February 7, 2024**

နေရှား(သုတေသန)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခူပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဝါးခယ်မ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခူပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဝါးခယ်မမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးခူပိဿာချိန် ၄၃၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးခူပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ငါးခူပိဿာချိန် တော်တော်များများတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကဝယ်ယူမှုအပေါ် မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာ ပါပါတယ်။ လက်ရှိလဲ ဝယ်ယူမှုအားကောင်းနေပါတယ်။ တစ်ပိဿာချင်းဈေးအနေနဲ့ ငွေကျပ် ၁၁၀၀၀ ကနေ ၁၃၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်" ဟု ဝါးခယ်မမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသထွက် ငါးခူများကို ဒေသအပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများဝယ်ယူမှု အားကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းနေကြောင်း ဒေါ်အိအိဌေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုးကောင်းမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း ဖေဖော်ဝါရီ ၁၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် ရေတွင်းကုန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေတွင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၀၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၈၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၇၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ငွေကျပ် ၃၆၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၀၅၅ ဧကစိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၇၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အခုလက်ရှိ ဧက ၂၁၀၀၀ ကျော်ထိ စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စသည့်သီးနှံတွေစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်သီတာလွင်က ပြောပြသည်။



စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၂၁၃၉ ဧက၊ မြင်းမူမြို့နယ်တွင် ၅၀၂၁ ဧက၊ မြောင်မြို့နယ်တွင် ၃၈၉၅ ဧက စုစုပေါင်း ၂၁၀၅၅ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၇၈၂၃ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၅၀၂၀၊ မြောင်မြို့နယ်တွင် ဧက ၃၉၀၀ စုစုပေါင်း ၁၆၇၄၃ ဧက ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ် ထူးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ထူးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ် ထူးကျေးရွာ၌ အရှည် တစ်မိုင် ၇ ဒသမ ၉ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေခြောက်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေနှင့်မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်တွင် Pipe Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၁၅ သန်းဖြင့် Shwe Group ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက်က စတင်၍ တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း ပြောပြ၍ သိရသည်။

**ခင်မာ**

# ဘားအံမြို့နယ် ကျောင်းအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းအထက်ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျောင်းအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဥ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# သုံးကြောင်းကဗျာ ချစ်စရာ (၅)

**မန်းတင့်မော်**

လူသားအားလုံး မိခင်မှမွေးဖွားသန့်စင်ခဲ့ရသည်သာဖြစ်သည်။ လူတစ်ယောက်အတွက် မိခင်ကအရေးအပါဆုံးလည်းဖြစ်နေပြန်သည်။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် နေထိုင်ရာဒေသ ကွဲပြားကြသော်လည်း မိခင်များမှာ မကွဲပြားကြပေ။ သားသမီးမွေးဖွားရသည်။ နို့ချိုတိုက်ကျွေး မွေးမြူရသည်။ လူတစ်လုံးသူတစ်လုံးဖြစ်ရန်လည်း ပြုစုပျိုးထောင်ကြရပြန်သည်။ မိခင်တို့၏ဂုဏ်ကျေးဇူးကား ကြီးမားလှပေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာဝင်တို့က မိခင်၊ ဖခင်တို့ကို အနန္တော အနန္တငါးပါးတွင်ထည့်သွင်းလျက် လုပ်ကျွေးပြုစုကြသည်။ မိခင်တိုင်းက သားသမီးများကို ချစ်မြတ်နိုးကြပါသည်။

“သွေးသည်အသက်”ဟူသော ကျန်းမာရေးဆိုင်ရာ သတိပေးချက်တစ်ရပ်ရှိပါသည်။ လူ၏ခန္ဓာကိုယ်တစ်ခုလုံးကို သွေးကမပြတ်လှည့်ပတ်နေရသည်။ လူ့ခန္ဓာအတွက်လိုအပ်သော အစာအာဟာရများကို သယ်ယူပို့ဆောင်ပေးရသည်။ အသက်ရှူရာမှရလာသော အောက်ဆီဂျင်ဓာတ်ကိုလည်း နေရာအနှံ့ရောက်အောင် သွေးကပင် တာဝန်ယူပို့ဆောင်ရသည်။ မိခင်စားသော အစာအာဟာရများကို သန္ဓေသားဆီသို့ သွေးကပင် ပို့ဆောင်ပေးရသည်။ ထို့ကြောင့်ပင် မိခင်တိုင်းက ကိုးလလွယ် ဆယ်လဖွားရသော သားသမီးအတွက် မထိမခိုက်ရလေအောင် ထိန်းသိမ်းကြရသည်။ အပူအစပ်စသော မတည့်သည့်အစားအစာများကို ရှောင်ကြရသည်။ မြန်မာဂန္ထဝင်အဆိုတော်ကြီး မာမာအေးက မြခြူးသံရုပ်ရှင်တေးတွင် “ရင်မှဖြစ်သောသွေးနှင့်အရင်းတည်”ဟု သီဆိုခဲ့သည်။ ရင်သွေးဟူက ချစ်မဝဟုလည်း သုံးနှုန်းလေ့ရှိကြပြန်သည်။

အမေ့နို့ရည်၊ အမေ့နို့ဖိုးဟူသော စကားများလည်း ရှိသေးသည်။ အမေနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာအပါအဝင် စာ၊ ကဗျာ၊ ဝတ္ထု၊ တေးဂီတ၊ သဘင်နှင့် ရုပ်ရှင်ရုပ်မြင် စသောအနုပညာကဏ္ဍများတွင် ရေးဖွဲ့သီကျူးတင်ဆက်ခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ဟုဆိုနိုင်သည်။ ဖွဲ့နွဲ့၍မဆုံးနိုင်သော အမေ့ဂုဏ်ရည်များကမူ ဘယ်သောအခါမှ ပြောင်းလဲမည်မဟုတ်ပေ။ “အမေ”အမည်ရှိ သုံးကြောင်းကဗျာကို ကဗျာဆရာ စောရွှေမြင့်(ချပ်သင်း)က အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသည်။

**အမေ**

- မိမိရဲ့သွေး
နီစွေးစွေးကို
ဖြူဖွေးနို့ရည်ပြောင်းနိုင်သည်။

စောရွှေမြင့်(ချပ်သင်း)

ကဗျာရေးသူ၏ စာ၊ ကဗျာများကို များများစားစား မတွေ့ရပါ။ အထက်ပါသုံးကြောင်းကဗျာတွင် ရင်သွေးဟူသော အဓိပ္ပာယ်ကိုပေါ်လွင်စေသည်ဟု မြင်ပါသည်။ အနီရောင်၏ပြင်းထန်သောသဘောမှ ပျော့ပျောင်းသည့်အဖြူရောင်အဖြစ် ပြောင်းလဲသည်ဟုဆိုရာ မေတ္တာသရုပ်ကိုဖော်ပြနိုင်သည်။ အမေ၏နို့ရည်ဖြူဖွေးသကဲ့သို့ အမေ၏မေတ္တာစမ်းသည် ဘယ်တော့မှ မခန်းခြောက်နိုင်။ မေတ္တာပန်းကလည်း ဘယ်တော့မှ မညှိုးနွမ်းနိုင်ဟုလည်း မှတ်ယူနိုင်သည်။ ကဗျာတိုသော်လည်း စာချိုသဖြင့် ချစ်စရာသုံးကြောင်းကဗျာဟုဆိုချင်ပါသည်။

လူ့ဘဝကို တချို့ကတိုသည်ဟုဆိုကြသည်။ စာရေးဆရာကြီးတစ်ဦးက“ဘဝတာတိုတိုမှာ အရသာချိုချိုကိုရှာပါ”ဟု တိုက်တွန်းခဲ့ဖူးသည်။ သို့သော် ဘဝဟူသည် ထာဝရချိုနေသည်မဟုတ်ပါ။ ချိုတစ်လှည့်ခါးတစ်လှည့်ဟူသောတေးတစ်ပိုင်းတစ်စကလည်း တစ်ရစ်ဝဲဝဲပေါ်လာဆဲ။ တချို့က ဘဝဟူသည် ခရီးရှည်ဟုလည်းဆိုကြပြန်သည်။ အသက် ၁၀၀ မနေရသော်လည်း အမှု ၁၀၀ တွေ့ရသည်ဟူသောစကားကလည်း ယခုအခါ ပို၍ပင် ကျယ်လောင်လာသည်ဟု ထင်မိပါသည်။ ဘဝခရီးကို ရှည်သည်ဟုဆိုလျှင် တစ်ဘဝခရီးထက် အဆများစွာ ပိုလွန်သောခရီးက သံသရာခရီးဖြစ်ပါလိမ့်မည်။ လူအပါအဝင် သက်ရှိသတ္တဝါများက ဘဝခရီးပြီးလျှင် သံသရာခရီးဆက်ကြရစမြဲဟုလည်းဆိုကြသည်။ အားလုံးခရီးသွားများဟုဆိုကြပါစို့။ တစ်ဘဝခရီးတွင်လည်း ပန်းခင်းသောဘူတာကိုဖြတ်ရသကဲ့သို့ ဆူးပြွမ်းသော ဘူတာကိုလည်း မလွဲမသွေဖြတ်ရပါသေးသည်။ လောကဓံရှစ်ပါးနှင့်ထိတွေ့ရသူတိုင်း ကောင်းဆိုးနှစ်တန်ကြုံကြရသည်သာ။ ဘဝ၏အတွေ့အကြုံများကို ဖြတ်သန်းကာ သက်ကြီးရွယ်အိုဘဝမှ ဘဝအဆုံးသတ်နေဝင်ကြရသည်မှာလည်း ဓမ္မတာသဘောပါပေ။ ထိုအချက်ကို ကဗျာဆရာတက်လူက အောက်ပါသုံးကြောင်းကဗျာကို ရေးဖွဲ့ခဲ့ပါသည်။

**သံသရာခရီးသည်**

- လက်မှတ်လည်းကုန်
ဘူတာစုံပြီ
ဆင်းရုံရှိပါတော့တကား။

တက်လူ

ဖတ်သူနားလည်လွယ်၍ အတွေးဆန့်လျှင် ဆန့်သလောက် အတွေးနယ်ချဲ့နိုင်ပါလိမ့်မည်။ ရွတ်ဆို၍လည်းကောင်းပြီး ကာရန်နှင့်နိမိတ်ပုံလှသော ချစ်ဖွယ်ကဗျာတစ်ပုဒ်ဟုဆိုရပါမည်။

ကမ္ဘာဦးလူတို့ နေနှင့်လကိုမြင်ကြရသောအခါ ဝမ်းမြောက်ရွှင်လန်းကြရသည်ဟု ကြားဖူးပါသည်။ နေ၏အဆင်းက အပူရှိန်နှင့်အတူ ယှဉ်တွဲလျက်ရှိသော်လည်း လ၏ဝင်းပမှုက အေးမြခြင်းကိုဖော်ဆောင်ပါသည်။ နေရောင်အောက်တွင် လူအပါအဝင် သက်ရှိအားလုံး နေထိုင်လုပ်ကိုင်စားသောက်ကြရပြီး လရောင်အောက်တွင် ပျော်ရွှင်ကြည်နူးလျက် မွေးစက်အနားယူကြရသည်။ နေ၏ကျေးဇူးများသကဲ့သို့ လ၏ပေးစွမ်းမှုဖြင့် စိတ်ဓာတ်နူးညံ့သိမ်မွေ့ကြရသည်လည်းရှိပါသည်။ နေစွမ်းအင်ကိုအသုံးချ၍ လူမှုဘဝမြင့်မားလာခဲ့သည်မှာလည်း ကာလကြာရှည်ခဲ့ပြီ။ နေ့တွင် နေမင်းဖြာ၍ ညတွင် လမင်းသာရသည်။ နေနှင့်လတို့က အလင်းရောင်ထာဝစဉ်ပေးနိုင်ကြသည်တော့မဟုတ်။ နေမဖြာသောနေ့များရှိသကဲ့သို့ လမသာသောညများကလည်း ရှိစမြဲ။ နေ့နှင့်ည တစ်လှည့်စီဖြစ်သကဲ့သို့ နေနှင့်လကလည်း တစ်ပြိုင်နက် ထွန်းတောက်ကြသည် မဟုတ်ကြပေ။

ထို့အတူ လူ့ဘဝကလည်း လင်းချည်တစ်ခါ မှောင်ချည်တစ်လှည့်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့်ပင် “နေပူတွင် ကောက်ရိုးလှန်းပါ”ဟု နိုင်ငံရပ်ခြားစကားပုံရှိသကဲ့သို့ မြန်မာစကားပုံတွင်လည်း “လသာတုန်း ဗိုင်းငင်”ဟုရှိပါသည်။ အဆိုပါအချက်များကို တိုက်ရိုက်မဆိုဘဲ လနှင့်နေကိုပမာပြုလျက် လူ့ဘဝကို ဆင်ခြင်တတ်စေရန် ကဗျာဆရာ ရဲမြင့်နောင်က “အလှည့်”ဟု အမည်ပေးထားသော သုံးကြောင်းကဗျာကို အောင်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသည်။

**အလှည့်**

- နေမထွက်ခင်
လရိပ်မြင်သည်
ဆင်ခြင်လောက နိယာမ။

ရဲမြင့်နောင်

ကဗျာဆရာ ဒေါင်းနွယ်ဆွေ ဟုဆိုပါလျှင် မြန်မာကဗျာကိုချစ်မြတ်နိုးသူတိုင်း သိရှိကြပါသည်။ သူ့ခေတ်သူ့အခါနှင့် သူ့ကဗျာများက လူငယ်ကဗျာချစ်သူများအပေါ် ဩဇာသက်ရောက်ခဲ့သည်။ ယခုလည်း သက်ရောက်ဆဲဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာဒေါင်းနွယ်ဆွေက ကဗျာသစ်များစွာရေးဖွဲ့ခဲ့၍ဖြစ်ပါသည်။ ဆရာက ကဗျာအယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့ပြီး ဆရာဒေါင်းနွယ်ဆွေ မွေးထုတ်ခဲ့သော ကဗျာဆရာ၊ ဆရာမများစွာလည်း ထွက်ပေါ်ခဲ့ဖူးပါသည်။ ရှုမဝမဂ္ဂဇင်းတွင် ဆရာဒေါင်းနွယ်ဆွေ၏ကဗျာများစွာဖော်ပြပါရှိခဲ့ပြီး ရှုမဝရုပ်ရှင်က ရိုက်ကူးခဲ့သော ရုပ်ရှင်ကားများ၌လည်း ဇာတ်ပို့ဇာတ်ရံအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပါသေးသည်။

ဆရာ၏လက်ရာကဗျာများထဲတွင် “ကလျာမိမိမုန်း” ကဗျာရှည်မှာ အထူးထင်ရှားသည်။ ဆရာရေးဖွဲ့ခဲ့သော သုံးကြောင်းကဗျာတစ်ပုဒ်ကိုတင်ပြလိုပါသည်။ ခေါင်းစဉ်တပ်မထား၊ သုံးကြောင်းကဗျာက အောက်ဘက်သုံးကြောင်းဟုယူနိုင်သည်။ ဆရာကွယ်လွန်ပြီးမှ ကျန်ရစ်သော၊ ချန်ထားရစ်ခဲ့သော ကဗျာတစ်စဟု ဆရာဇော်ဇော်အောင်၏ ဒေါင်းအလွမ်းစာ ဆောင်းပါးအရ သိရပါသည်။ ကဗျာတစ်ပိုင်းတစ်စတွင် စတင်ထားသော စာပိုဒ်နှင့် နောက်ကာရန်ချိတ်ထားသည်။ ခေါင်းစဉ်အဖြစ် ယူသော်လည်း ရနိုင်ပါလိမ့်မည်။ ပညာရှင်များက ဆက်၍အကဲဖြတ်ပေးကြပါလိမ့်မည်။ စာရေးသူတစ်ဦးတည်း၏ထင်မြင်ယူဆချက်မှာ ကဗျာတစ်ပိုင်းတစ်စဖြစ်သော်လည်း အောက်ပိုင်းသုံးကြောင်းနှင့် အပေါ်စာမှာ ချိတ်ဆက်မှုရှိသော်လည်း အပေါ်စာကြောင်းကို ခေါင်းစဉ်အဖြစ် စဉ်းစားကြည့်လျှင်လည်း အလွန်လှပသော သုံးကြောင်းကဗျာတစ်ပုဒ်အဖြစ် သဘောတူကြမည်ဟု မျှော်လင့်ပါသည်။ ဆရာဒေါင်းနွယ်ဆွေ၏စာသားမှာ-

- ပင့်ကူအိမ်ဝယ်
ကြောင်လိမ်လှေကား
တပ်ဆင်ထားသည်
မြေဖျားထောက်၍ တက်ပါလော့။

ဒေါင်းနွယ်ဆွေ ဟူ၍

ဖြစ်ပါသည်။

သုံးကြောင်းကဗျာအကြောင်းပြောရင်း လေးကြောင်းစာသားကို ပြောရသည်လားဟု အပြစ်မတင်စေလိုပါ။ ဟိုတစ်စ သည်တစ်စ ကဗျာတိုအလှ ခေါင်းစဉ်ဖြင့် မြန်မာကဗျာတိုများ (သုံးကြောင်းကဗျာများ အပါအဝင်)အကြောင်းကို ဆက်လက်ဖော်ပြရန်ရှိပါ၍ ဆရာဒေါင်းနွယ်ဆွေ၏ကဗျာတိုအလှဖြင့် အသိပေးဖော်ပြအဆုံးသတ်ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

> ❖ ကဗျာဆရာ ဒေါင်းနွယ်ဆွေဟုဆိုပါလျှင် မြန်မာကဗျာကို ချစ်မြတ်နိုးသူတိုင်း သိရှိကြပါသည်။ သူ့ခေတ်သူ့အခါနှင့် သူ့ကဗျာများက လူငယ်ကဗျာချစ်သူများအပေါ် ဩဇာသက်ရောက်ခဲ့သည်။ ယခုလည်း သက်ရောက်ဆဲဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာဒေါင်းနွယ်ဆွေက ကဗျာသစ်များစွာရေးဖွဲ့ခဲ့၍ဖြစ်ပါသည်။ ဆရာက ကဗျာအယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့ပြီး ဆရာဒေါင်းနွယ်ဆွေ မွေးထုတ်ခဲ့သော ကဗျာဆရာ၊ ဆရာမများစွာလည်း ထွက်ပေါ်ခဲ့ဖူးပါသည်။ ❖

# ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၈၃၇၀၀ စိုက်ပျိုးမည်

**ရွှေဘို ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၈၃၇၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုကို ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ရွှေဘိုခရိုင်မှာ နွေစပါး ဧက ၈၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နွေစပါးစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်းမျိုးတွေ စိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးသွားမယ်။ အရည်အသွေးကောင်း စပါးတွေ ထွက်ရှိဖို့အတွက် အဓိကထား ဆောင်ရွက်သွားပါမယ်”ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၂၁၃၇ ဧက၊ ခင်ဦးမြို့နယ်တွင် ဧက ၂၃၅၀၀၊ ဝက်လက်မြို့နယ်တွင် ဧက ၂၈၀၀၀ နှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၆၃ ဧက စုစုပေါင်းဧက ၈၃၇၀၀ ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘိုခရိုင်တွင် ယခုနှစ် စပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးအတွက် နှုန်းတိုးတက်ရေး၊ သဘာဝမြေဩဇာအသုံးပြုရေး၊ ပေါင်းရှင်းရေး၊ ပိုးသတ်ဆေးသုံးစွဲရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက နိုင်ပွဲရှာဖွေဖို့ကြိုးစားလာမဲ့ ရှက်ဖီး(ယူ)အသင်း၊ ဖရန့်ဖတ်အသင်းနဲ့ ဂရန်နာဒါအသင်းတို့ကို အားပေးရမှာပါ

M L



လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ဘောလုံးရာသီပိတ်သိမ်းဖို့ နီးကပ်လာချိန်မှာတော့ ပြိုင်ပွဲတိုင်းက အကြိတ်အနယ်ရှိလာတာကို တွေ့ရမှာပါ။ အထူးသဖြင့် အသင်းငယ်တွေဟာလဲ ရမှတ်လိုအပ်ချက်တွေရှိလာတာကြောင့် ရေကုန်ရေခန်းကစားလာတဲ့အခြေအနေမှာ အရန်ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းကြီးတွေအနေနဲ့ မထင်မှတ်ဘဲ ရှုံးပွဲရှုံးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ရာသီပိတ်သိမ်းဖို့ ပွဲစဉ် ၁၅ ပွဲလောက်အလိုမှာ အသင်းငယ်တွေကလဲ တန်းမဆင်းရဖို့အတွက် အစွမ်းကုန်ကြိုးစားနေတာကြောင့် ဒီတစ်ပတ်မှာ တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးစားလာမဲ့အသင်းတွေကိုသာ အဓိကအားပေးသွားမှာဖြစ်ပါတယ်။

## ရှက်ဖီး(ယူ)အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘရိုက်တန်အသင်းနဲ့ ရှက်ဖီး(ယူ)အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာတော့ ဘရိုက်တန်က ငါးဂိုးနှစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ ရှက်ဖီး(ယူ)အသင်း တိုက်စစ်ကစားပုံကောင်းခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးပွဲ ၂၄ ပွဲအပြီးမှာတော့ ရမှတ် ၁၃ မှတ်သာရရှိခဲ့လို့ ဇယားအောက်ဆုံးမှာရောက်နေတာကြောင့် လာမဲ့ပွဲစဉ်တိုင်းကို ရေကုန်ရေခန်းကစားပြီး တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးပမ်းနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလဲ လူတန်လိုကစားအားကောင်းတဲ့အသင်းကို တန်ပြန်တိုက်စစ်ကနေ ဖိအားပေးကစားနိုင်ခဲ့လို့ သုံးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး နိုင်ပွဲပြန်ရှာနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၅-၄-၁ ကစားကွက်နဲ့ ခံစစ်အားပြုကစားတဲ့အသင်းဖြစ်တာကြောင့် ဘောလုံးကိုင်ကစားတဲ့အသင်းတွေဆိုရင် ဂိုးရဖို့ခက်ခဲလေ့ရှိပြီး ရမှတ်ခွဲယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြခရစ်ဝိုက်ဒါကတော့ အသင်းမှာရှိတဲ့ ကစားသမားတွေရဲ့စွမ်းဆောင်ရည်ကို အကောင်းဆုံးအသုံးချနိုင်တဲ့ နည်းပြဖြစ်တာကြောင့် အခုပွဲစဉ်မှာ ဘရိုက်တန်အသင်းဆီက ရမှတ်ခွဲယူဖို့ အစွမ်းကုန်ပြင်ဆင်လာမှာဖြစ်ပါတယ်။

နည်းပြဒီဇာဘီလက်ထက်မှာ ပုံစံကောင်းရနေတဲ့ ဘရိုက်တန်အသင်းဟာ အမှတ်ပေးပွဲ ၂၄ ပွဲမှာ ရမှတ် ၃၅ မှတ်ရခဲ့တာကြောင့် အဆင့်(၉) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် အဆင့်(၇)က နယူးကာဆယ်၊ အဆင့်(၈)က ဝက်စ်ဟမ်းတို့နဲ့ ရမှတ်တူနေတာကြောင့်လဲ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ခွင့်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အခုနှစ် ဇန်နဝါရီလနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံတည်ငြိမ်မှုမရှိတော့တာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကျဆင်းသွားခဲ့ပြီး အထူးသဖြင့် အမှတ်ပေးပွဲအဝေးကွင်းပွဲစဉ်တွေမှာ နိုင်ပွဲပျောက်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြဒီဇာဘီကတော့ တိုက်စစ်မှာ မီတိုမာ၊ ဝဲလ်ဘက်၊ ဘူနာနိုတီ၊ ဖာဂူဆန်၊ ဂျာအိုပက်ထရိုတို့ကို အလှည့်ကျအသုံးပြုနေပေမဲ့ ဂျာအိုပက်ထရို ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ မီတိုမာ၊ ဝဲလ်ဘက်၊ ဘူနာနိုတီတို့အတွဲနဲ့ ပွဲထွက်လာဖို့များပါတယ်။ လက်ရှိမှာ ဘရိုက်တန်က ရှက်ဖီး(ယူ) ထက် ကစားသမားစုဖွဲ့မှုနဲ့ ကစားအားကောင်းနေပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အခြေအနေမှာ နိုင်ပွဲရဖို့ခက်နိုင်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ခြောက်ကြိမ်မှာတော့ ရှက်ဖီး(ယူ)က နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲသာရှုံးခဲ့တာကြောင့် အိမ်ကွင်းမှာ ရမှတ်ခွဲယူဖို့ကြိုးစားလာမဲ့ ရှက်ဖီး(ယူ)အသင်းနဲ့လက်တွဲရမှာပါ။

### ရှက်ဖီး(ယူ)အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(ယူ) | ၂ | - | ၂ | ဝက်စ်ဟမ်း |
| ရှက်ဖီး(ယူ) | ၂ | - | ၅ | ဘရိုက်တန် |
| ပဲလေ့စ် | ၃ | - | ၂ | ရှက်ဖီး(ယူ) |
| ရှက်ဖီး(ယူ) | ၀ | - | ၅ | အေဗီလာ |
| လူတန် | ၁ | - | ၃ | ရှက်ဖီး(ယူ) |

### ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၀ | - | ၀ | ဝုဗ် |
| ရှက်ဖီး(ယူ) | ၂ | - | ၅ | ဘရိုက်တန် |
| လူတန် | ၄ | - | ၀ | ဘရိုက်တန် |
| ဘရိုက်တန် | ၄ | - | ၁ | ပဲလေ့စ် |
| စပါး | ၂ | - | ၁ | ဘရိုက်တန် |

## ဖရန့်ဖတ်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ်(၂၂)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖရိုင်းဘတ်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ ဒုတိယရာသီဝက်မှာကစားခဲ့တဲ့ အမှတ်ပေးပွဲမှာ ဟော်ဖန်ဟိမ်းတစ်သင်းကိုသာ အနိုင်ရခဲ့ပြီး ကျန်ပွဲတွေမှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ အဓိကကတော့ အသင်းရဲ့ခံစစ်က ဂျင်တာ၊ လိုင်းဟတ်တို့လို ခံစစ်ကစားသမားတွေ ဒဏ်ရာရခဲ့တာကြောင့် ပြိုင်ပွဲစုံမှာ ပေးဂိုးများသွားပြီး ရလဒ်ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာလဲ အဲဒီကစားသမားတွေအပါအဝင် ကစားသမားရှစ်ယောက်ထိ ဒဏ်ရာရနေတာကြောင့်လဲ ကစားကွက်ပိုင်းအားနည်းချက်ရှိနေမှာသေချာပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၁ ပွဲအပြီးမှာတော့ ရမှတ် ၂၈ မှတ်နဲ့ အဆင့်(၇) ရောက်နေပြီး ခံစစ်က ပေးဂိုး ၃၇ ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ တစ်ပွဲသာအနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ၁၁ ဂိုးထိခွင့်ပြုခဲ့ရတဲ့အခြေအနေကိုကြည့်ရင် သူတို့အသင်း ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးတာကို သတိပြုရမှာပါ။

ဖရန့်ဖတ်အသင်းဟာ ဇန်နဝါရီလအပြောင်းအရွှေ့မှာ တိုက်စစ်မှူး အီကီတိုက်နဲ့ ကွင်းလယ်က ဘန်ဒီဘိခ်တို့ကိုအငှားခေါ်ယူခဲ့ပေမဲ့ ကစားကွက်ပိုင်း ထင်သလောက်တိုးတက်လာခြင်းမရှိတာကို တွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့ပြီး ကိုလုံးအသင်းလို ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းကို မထင်မှတ်ဘဲရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲ ၂၁ ပွဲအပြီးမှာတော့ ရမှတ် ၃၂ မှတ်ထိရခဲ့လို့ အဆင့်(၆) မှာရပ်တည်နေပြီး ဥရောပဝင်ခွင့်အတွက် အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ အခုပြိုင်ပွဲရဲ့ အဝေးကွင်း ၁၁ ပွဲမှာတော့ သုံးပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးခဲ့တာကြောင့် အဝေးကွင်းရလဒ်ပိုင်းဆိုးရွားတဲ့အသင်းထဲမှာရှိမနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိဘူးဆိုပေမဲ့ ဖရိုင်းဘတ်က အဓိကကစားသမားတွေ ဒဏ်ရာရပွဲပယ် ပိုများနေတာကြောင့် ကစားအားကျဆင်းသွားနိုင်လို့ တိုက်စစ်ကစားအားကောင်းနေတဲ့ ဖရန့်ဖတ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဖရိုင်းဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၀ | - | ၀ | ယူနီယံဘာလင် |
| ဖရိုင်းဘတ် | ၃ | - | ၂ | ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၃ | - | ၁ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၃ | စတုဂတ် |
| ဒေါ့မွန် | ၃ | - | ၀ | ဖရိုင်းဘတ် |

### ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၀ | - | ၁ | ဖရန့်ဖတ် |
| ဒမ်စတက် | ၂ | - | ၂ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၁ | - | ၀ | မိန့်ဇ် |
| ကိုလုံး | ၂ | - | ၀ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဘိုချမ် |

## ဂရန်နာဒါအသင်းကို အားပေးရမှာပါ

စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဂရန်နာဒါနဲ့ အယ်မာရီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းစလုံးဟာ အခုနှစ် လာလီဂါမှာရလဒ်ပိုင်းဆိုးရွားနေတဲ့ အသင်းတွေဖြစ်ပြီး ဂရန်နာဒါက ၂၄ ပွဲအပြီးမှာ ရမှတ် ၁၃ မှတ်နဲ့ အဆင့်(၁၉) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဂရန်နာဒါဟာ အခုနှစ်မှ လာလီဂါကို တန်းတက်လာတဲ့အသင်းဖြစ်ပေမဲ့ ထိပ်တန်းအဆင့်ကစားသမားဖြည့်တင်းမှုမလုပ်နိုင်ခဲ့တာကြောင့် ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရပြီး နည်းပြနှစ်ဦးထိပြောင်းလဲခဲ့ရတာကို တွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ ဘာစီလိုနာနဲ့ပွဲမှာလဲ ၅-၄-၁ ကစားကွက်နဲ့ ခံစစ်အသားပေးကစားခဲ့ပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးတွေသွင်းယူနိုင်ခဲ့တာကြောင့် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ဘာစီလိုနာနဲ့ပွဲစဉ်ကပုံစံအတိုင်း ကစားနိုင်ရင် အယ်မာရီယာလို ခံစစ်ပိုင်းပေးဂိုးများနေတဲ့အသင်းကို နိုင်ပွဲရမှာသေချာပါတယ်။

အယ်မာရီယာအသင်းဟာ အခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် ထိပ်သီးလိဂ်တွေထဲမှာ နိုင်ပွဲမရတဲ့အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၄ ပွဲအပြီးမှာလဲ ရမှတ် ခုနစ်မှတ်သာရခဲ့ပြီး ခံစစ်ကပေးဂိုး ၅၁ ဂိုးထိခွင့်ပြုခဲ့ရတာကြောင့် ပေးဂိုးအများဆုံးအသင်းဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ ရလဒ်ဆိုးရွားမှုတွေကြောင့် နည်းပြနှစ်ဦးထိပြောင်းလဲခဲ့ရတဲ့အသင်းဖြစ်ပြီး လက်ရှိအချိန်ထိ နိုင်ပွဲရဖို့ကြိုးစားနေရတာဖြစ်ပါတယ်။ အယ်မာရီယာဟာအဝေးကွင်း ၁၂ ပွဲမှာလဲ ကာဒီဇက်အသင်းကိုသာ သရေကစားနိုင်ခဲ့ပြီး ကျန်ပွဲစဉ်တွေမှာ ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ဘီလ်ဘာအိုလို တိုက်စစ်ထက်မြက်တဲ့အသင်းကို အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ခဲ့ပေမဲ့ ဂိုးသမားမက်ဆီမီယာနိုလက်စွမ်းပြနိုင်မှုကြောင့် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ တိုက်စစ်ပိုင်းက ဘာတစ်တာအို၊ ရာမာဇာနီ၊ ဆွာရက်ဇ်တို့လိုကစားသမားတွေ ဒဏ်ရာရပွဲပယ်ကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ အိမ်ကွင်းကစားပုံတည်ငြိမ်နေတဲ့ ဂရန်နာဒါအသင်းကိုပဲ အားပေးရမှာပါ။

### ဂရန်နာဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၀ | - | ၁ | အေတီကို |
| ဂီတာဖေး | ၂ | - | ၀ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၁ | - | ၁ | လက်ပါးမက် |
| ဘာစီလိုနာ | ၃ | - | ၃ | ဂရန်နာဒါ |

### အယ်မာရီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အယ်မာရီယာ | ၀ | - | ၀ | ဂျီရိုနာ |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၂ | အယ်မာရီယာ |
| အယ်မာရီယာ | ၀ | - | ၃ | အလာဗက် |
| ဗလင်စီယာ | ၂ | - | ၁ | အယ်မာရီယာ |
| အယ်မာရီယာ | ၀ | - | ၀ | ဘီလ်ဘာအို |

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။


**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်နေသည့် ဂေါ်ရန်ဂျီကျွန်းကို လူထုအခြေပြုခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်မည်



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်နေသည့် ဂေါ်ရန်ဂျီကျွန်းကို လူထုအခြေပြုခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ဂေါ်ရန်ဂျီကျွန်းသည် ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းသာနှင့် ငွေဆောင်ကမ်းခြေများကဲ့သို့ပင် ဂေါ်ရန်ဂျီကျွန်းသို့လည်း လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ နှစ်စဉ် တိုးပွားလျက်ရှိကြောင်း သိရသည်။

ဂေါ်ရန်ဂျီကျွန်းတွင် သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ကျောက်ဆောင်ကျောက်သားများ၊ ပင်လယ်အောက်ခြေထိ ထိုးဖောက်မြင်နေရသည့် ပြာလဲ့လဲ့ရေမျက်နှာပြင်၊ အရောင်အသွေးစုံလင်စွာဖြင့် မြင်နေရသည့် ရောင်စုံငါးလေးများ၊ ပင်လယ်ကမ်းစပ်မှ ရောင်စုံခရုလေးများနှင့် မြက်ခြောက်ပင်များရှိပြီး ဂေါ်ရန်ဂျီကမ်းခြေ၊ ကြွေချိုင်ကမ်းခြေနှင့် နံ့သာပုကမ်းခြေတို့လည်းရှိနေကြောင်း သိရသည်။

ထို့ကြောင့် ရေဝတီတိုင်းဒေသကြီးအတွက် အားထားရသောခရီးသွားလုပ်ငန်းတစ်ခု ဖြစ်နေသည့်အပြင် ဂေါ်ရန်ဂျီခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ အခြားခရီးသွားလုပ်ငန်းများလည်း ပေါ်ပေါက်လာနိုင်သဖြင့် ဂေါ်ရန်ဂျီကျွန်းဒေသကို လူထုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ဂေါ်ရန်ဂျီကျွန်းရှိ ဟိုတယ်များကို ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းဆိုင်ရာအသိအမှတ်ပြုလက်မှတ်ရရှိသည်ထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အမှတ်တရပစ္စည်းများရောင်းချရာတွင်လည်း ဒေသထွက်ကုန်များကို ပိုမိုထည့်သွင်းရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျွန်း၏ ကမ်းခြေဒေသအလှအပများနှင့် ထူးခြားသည့်ဆွဲဆောင်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံနှင့် ဗီဒီယိုများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုကာ လူမှုကွန်ရက်များမှတစ်ဆင့် ကြော်ငြာသွားမည်ဖြစ်ကြောင်း သိရသည်။

ဂေါ်ရန်ဂျီကျွန်းကို လူထုအခြေပြုခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်ရာတွင် ဒေသ၏ သဘာဝအလှအပများ ပျက်စီးမှုမရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

SKL

## ညောင်ရွှေမြို့နယ် ဘန်းပြင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နောင်တောကျေးရွာအုပ်စု ဘန်းပြင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြမွှေး (နည်းပညာ) နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နောင်တောကျေးရွာအုပ်စု ဘန်းပြင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘန်းပြင်ကျေးရွာ၌ ရေရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ ဆိုလာစနစ်သုံး ရေသန့်စင်စက် တပ်ဆင်ခြင်း၊ ရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ ကျော်ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေလွှဲငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။



**အာငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

**Fluoride** ပါဝင်သောကြောင့် သွားများကို ပြုပြင်ပေးပါသည်။

**ထာဝရလှပသော အပြုံးအတွက်**

**DENTOMEC**






DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ငါ့သရောက်မြို့နယ်၊ ကံသာယာကျေးရွာနေ မသင်းထိုက်ဆွေ (၉/ငသရ(နိုင်)၀၁၉၆၄၇)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးအောင် ဖြစ်ပါကြောင်း။

**ဦးမျိုးအောင်(၉/ ညဥန(နိုင်)၀၄၈၀၁၄)**

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(စဉ့်ကိုင်)၊ Grade-10 (C)မှ ကျောင်းဝင်အမှတ် (က-၁၄၃၀၅) မောင်မိုးထက်ထွန်း ၏ဖခင်အမည်မှန်မှာ ဦးကျော်ညိမ်း ဖြစ်ပါကြောင်း။

**ဦးကျော်ညိမ်း(၉/ မသန(နိုင်)၁၅၁၃၀၇)**

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ထထ-၁၄/၆၃၊ (စ)ရပ်ကွက်နေ မောင်အောင်မင်းခန့်(ဘ)ဦးမင်းထက်အောင် (၉/ပကခ(နိုင်) ၀၆၃၁၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-588077) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၂၈၁၀၇၉၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက် (၈၅၉)နေ ဦးမြင့်စိုး-ဒေါ်ဝင်းမြိုင် တို့၏သား **မောင်စင်ကျော်စိုး(၉/ ခမစ(နိုင်)၀၅၄၈၇၃)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမြင့်စိုး(၉/ မရတ(နိုင်)၀၈၃၄၃၂)**

**ဒေါ်ဝင်းမြိုင်(၉/ မရတ(နိုင်)၀၈၃၄၅၈)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**စာပေ မြင့်မှ လူမျိုး တင့်မည်**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၉
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါး မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်သူ့စစ်မှုထမ်းအဖြစ် ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူအားလုံးကို နေရာဒေသအလိုက်၊ မြို့နယ်အလိုက် လူဦးရေပေါ်မူတည်၍ အချိုးအစားအလိုက် ခေါ်ယူသည့်စနစ်ကို ကျင့်သုံးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။**

## ဧရာဝတီမြစ်ရေ နည်းမည်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၆၅ စင်တီမီတာသို့ ရောက်ရှိနေပြီး နောက် ငါးရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၃၆၀ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(မိုး/မလ)


အရန်တပ်ဖွဲ့ဝင် ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း — စာမျက်နှာ - ၁၉

ထင်းမယ်ကြိုးပြင် ကာကွယ်တော သတ်မှတ် — စာမျက်နှာ - ၂၁

ပုသိမ်မြို့နှင့် တောင်သာမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ် — စာမျက်နှာ - ၂၀



ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၁၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဥသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ / တောင်ငူ - ရွာ - ရေနံ / ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု